# ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်
# ပထမပုံမှန်အစည်းအဝေး(ပထမနေ့)မှတ်တမ်း
# ၁၃၇၇ ခုနှစ်၊ ပြာသိုလဆုတ် ၁၅ ရက်
# ( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက် )
# (တနင်္လာနေ့)

မွန်ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(ပထမနေ့)ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

**အချိန်။ ၁၀း၀၀။**

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ရောက်ရှိနေရာယူခြင်း

**အခမ်းအနားမှူး။** အစီအစဉ်(၁)အရ ဒုတိယအကြိမ်မွန်ပြည်နယ် လွှတ်တော်ပထမပုံမှန်အစည်းအဝေး(ပထမနေ့)သို့ တက်ရောက်လာကြသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးစုလွှတ်တော် ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား၊ မကြာမီအချိန်အတွင်း အစည်းအဝေးစတင်တော့မှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ယနေ့ကျင်းပတဲ့ အစည်းအဝေးကတော့ ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန် အစည်းအဝေးဖြစ်ပါတယ်။ ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမ ပုံမှန်အစည်းအဝေး(ပထမနေ့)ကို စတင်ကျင်းပသွားမှာဖြစ်ပါတယ်။

အစည်းအဝေးကျင်းပမယ့်အစီအစဉ်များကို လွှတ်တော်ကိုယ်စားလှယ်များထံသို့ကြိုတင်ဖြန့်ဝေပေးထားပြီးဖြစ်တဲ့အတွက် အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ယနေ့အစည်းအဝေးမှာ အခမ်းအနားမှူးအဖြစ် ကျွန်တော်မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ (မွန်ပြည်နယ်လွှတ်တော်ရုံး)ညွှန်ကြားရေးမှူး ဦးနေမျိုးအောင်ကဆောင်ရွက်ပြီး တွဲဘက်အခမ်းအနားမှူးအဖြစ် မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ (မွန်ပြည်နယ်လွှတ်တော်ရုံး) ဦးစီးအရာရှိ ဦးလှိုင်မိုးတို့မှ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး စတင်ကြောင်း ကြေညာခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ မွန်ပြည်နယ်လွှတ်တော်အစည်းအဝေးစတင်ကြောင်း ကြေညာခြင်းဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ယနေ့အစည်းအဝေးသို့ မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးစုလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း (၃၁)ဦးတက်ရောက်ခွင့်ရှိသည့်အနက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃၁)ဦး တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့်ဦးရေစုစုပေါင်းရဲ့(၁၀၀) ရာခိုင်နှုန်းတက်ရောက်ပါကြောင်း တင်ပြအပ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေးစတင်ကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။

# မွန်ပြည်နယ်လွှတ်တော်သဘာပတိတစ်ဦးတင်မြှောက်ရန်ပန်ကြားခြင်း

**အခမ်းအနားမှူး။** အစီအစဉ်(၃)အရ မွန်ပြည်နယ်လွှတ်တော်သဘာပတိ တစ်ဦးတင်မြှောက်ရန်ပန်ကြားခြင်းဖြစ်ပါတယ်။ တက်ရောက်လာကြသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံမှ ကိုယ်စားလှယ်တစ်ဦးအား သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ပေးရန်ဖြစ်ပါတယ်။

သဘာပတိရွေးချယ်ဖို့ဖိတ်ခေါ် အဆိုပြုလွှာတင်သွင်းတဲ့နေရာမှာ အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးတည်းသာရှိမယ်ဆိုလျှင် ၎င်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကို သဘာပတိအဖြစ်တင်မြှောက်ကြောင်း ကြေညာသွားမှာ ဖြစ်ပါတယ်။ အကယ်၍ သဘာပတိတင်မြှောက်ရန်အဆိုတင်သွင်းရာမှာ (၁)ဦးထက်ပိုရှိပါက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ လျှို့ဝှက်ဆန္ဒမဲလက်မှတ်ကို အထောက်အကူပြုရုံးအဖွဲ့ထံမှထုတ်ယူ၍ ဆန္ဒမဲပေး ရွေးချယ်ရန်ဖြစ်ပြီး ထောက်ခံမဲအများဆုံးရရှိ သူကိုသာ သဘာပတိအဖြစ် တင်မြှောက်သွားမှာဖြစ်ပါတယ်။

ယခုအချိန်မှစပြီး သဘာပတိတစ်ဦးရွေးချယ်တင်မြှောက်နိုင်ရန်အတွက် အမည်စာရင်းတင်သွင်းလိုသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပုံစံ(၁)ကို ပုံစံ(၂)တွင်လက်မှတ်ရေးထိုး၍ အခမ်းအနားမှူးထံမှ လာရောက်ထုတ်ယူပြီး ပြည့်စုံစွာ ပြန်လည်ဖြည့်စွက်၍အခမ်းအနားမှူးထံ ပြန်လည်ပေးအပ်ရမှာ ဖြစ်တဲ့အတွက် အဆိုတင်သွင်းလိုသော ကိုယ်စားလှယ်များမှ ပုံစံများကိုလာရောက်ထုတ်ယူကြဖို့ ပန်ကြားအပ်ပါတယ်ခင်ဗျား။

## မွန်ပြည်နယ်လွှတ်တော်သဘာပတိတစ်ဦးတင်မြှောက်ရန်ဆောင်ရွက်ခြင်း

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ကိုယ်စားလှယ်များအနေဖြင့် သဘာပတိလောင်းအမည်စာရင်း ထပ်မံအဆိုပြု လိုသူရှိပါက ထပ်မံအဆိုပြုနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါတယ်။
(သုံးကြိမ်ဖိတ်ခေါ်ပါသည်။)

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ သဘာပတိလောင်း အမည်စာရင်း ထပ်မံအဆိုပြုလွှာမရှိသည့်အတွက် အဆိုပြုလွှာထုတ်ပေးမှု၊ ပြန်လည်လက်ခံရရှိမှု (၁)စောင်ဖြစ်ပါတယ်။

ပုံစံ(၁)ထုတ်ယူပြီး အဆိုပြုလွှာပြန်လည်အပ်နှံလာမှုအခြေအနေ အရ အဆိုတင်သွင်းခံရသည့် သဘာပတိလောင်း၏ အမည်စာရင်းကို ပုံစံ(၃)တွင် ဖြည့်စွက်၍ကြေညာသွားမှာဖြစ်ပါတယ်။

## သဘာပတိအဖြစ်တင်မြှောက်ခြင်းခံရသောပုဂ္ဂိုလ်အား အခမ်းအနားမှူးက ကြေညာခြင်း

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ သဘာပတိရွေးချယ်တင်မြှောက်ရေးအတွက် အမည်စာရင်းတင်ဖို့ဖိတ်ခေါ်တဲ့ အခါမှာ ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာအေးဇံအား သဘာပတိအဖြစ်မုဒုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှဒေါ်မြသီဂီမော်က ထောက်ခံပြီး ဘီးလင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာခင်နိုင်ဦးက တင်သွင်းခဲ့ပါတယ်။ သဘာပတိအဖြစ်အမည်စာရင်းတင်သွင်းလာသူ တစ်ဦးတည်းသာရှိတဲ့အတွက် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇(စ)

အရ ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးဇံအား သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။

## သဘာပတိနေရာယူရန်ပန်ကြားခြင်း

**အခမ်းအနားမှူး။** အစီအစဉ်(၆)အရသဘာပတိနေရာယူရန် ပန်ကြားခြင်းဖြစ်ပါတယ်။ သဘာပတိတာဝန်ထမ်းဆောင်ဖို့ စင်မြင့်ပေါ် သို့ ကြွရောက်ချိန်မှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မတ်တပ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ယခုကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးဇံအား သဘာပတိအဖြစ် ရွေးချယ်ထားပြီးဖြစ်၍ သဘာပတိတာဝန်ထမ်းဆောင်ရန် နေရာယူပေးဖို့ပန်ကြားအပ်ပါတယ်။ သဘာပတိကြီး ကြွရောက်လာပါပြီခင်ဗျား။

အားလုံးဘဲထိုင်နိုင်ပါပြီခင်ဗျား။

## သဘာပတိကလွှတ်တော်၏ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အခမ်းအနားမှူး။** ဆက်လက်ပြီးအစီအစဉ်အရ သဘာပတိက လွှတ်တော်၏ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၅အရ သဘာပတိကြီးကလွှတ်တော်၏ရှေ့မှောက်မှာ ကတိသစ္စာပြုရန် ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား၊ကတိသစ္စာပြုရန်ကျွန်တော်မှတိုင်ပေးပြီး သဘာပတိကြီးမှ လိုက်ဆိုပေးရန်နှင့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးမတ်တပ်ရပ်ပေးပါရန်ပန်ကြားအပ်ပါတယ်။ ကျွန်ုပ်၏နောက်တွင် မိမိအမည်ကိုရွတ်ဆိုရန်ဖြစ်ပါတယ်။

**ဒေါက်တာအေးဇံ(သဘာပတိ)။** ကျွန်ုပ်ဒေါက်တာအေးဇံသည် မွန်ပြည်နယ်လွှတ်တော်သဘာပတိအဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်းလိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့ပြင် ယခုကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဆောင်ရွက်မည်ဟုလေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။

**အခမ်းအနားမှူး။** အားလုံးဘဲထိုင်နိုင်ပါပြီခင်ဗျား။ သဘာပတိကြီးခင်ဗျား၊ **“ ကတိသစ္စာ”** ပြုလွှာတွင် လက်မှတ်ရေးထိုးပေးပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

(သဘာပတိမှ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပါသည်။)

# ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြုခြင်း

**အခမ်းအနားမှူး။** ဆက်လက်ပြီးအစီအစဉ်အရ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြုခြင်းဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈ (က) အရ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုရန်ဖြစ်ပါတယ်။

ကတိသစ္စာကို သဘာပတိကြီးကတိုင်ပေးပါရန်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့နေရာတွင်မတ်တပ်ရပ်၍ ကတိသစ္စာပြုပေးပါရန်ပန်ကြားအပ် ပါတယ်ခင်ဗျား။

**ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ။** ကျွန်ုပ်သည်မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ထို့ပြင် ယခုကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။

**အခမ်းအနားမှူး။** အားလုံးဘဲ ထိုင်နိုင်ပါပြီခင်ဗျား။

## ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ကတိသစ္စာပြုလွှာများပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အခမ်းအနားမှူး။** ဆက်လက်ပြီးအစီအစဉ်အရ ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ကတိသစ္စာပြုလွှာများပေါ်တွင် လက်မှတ်ရေးထိုးခြင်းဖြစ်ပါတယ်။

တက်ရောက်လာကြသောကိုယ်စားလှယ်များခင်ဗျား။ ကြိုတင်ဝေငှထားသော ကတိသစ္စာပြုလွှာများပေါ်တွင် လက်မှတ်ရေးထိုးပေးကြပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

(ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပါသည်။)

## လက်မှတ်ရေးထိုးပြီးသော ကတိသစ္စာပြုလွှာများအား မွန်ပြည်နယ် လွှတ်တော်ရုံးဝန်ထမ်းများမှ လိုက်လံသိမ်းဆည်းခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကလက်မှတ်ရေးထိုးပြီးသော ကတိသစ္စာပြုလွှာများအား မွန်ပြည်နယ် လွှတ်တော်ရုံးဝန်ထမ်းများမှ လိုက်လံသိမ်းဆည်းခြင်းဖြစ်ပါတယ်။

## သဘာပတိမှအစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ သဘာပတိမှအစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်းဖြစ်ပါတယ်။

**အခမ်းအနားမှူး။** သဘာပတိကြီးခင်ဗျား၊ ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(ပထမနေ့) အထမြောက်ကြောင်းကြေညာပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒေါက်တာအေးဇံ(သဘာပတိ)။** ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(ပထမနေ့)သို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၃၁)ဦးရှိသည့်အနက် (၃၁)ဦးတက်ရောက်ပါသည်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူစုစုပေါင်းရဲ့(၁၀၀) ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။

အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်အတိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌရွေးချယ်တင်မြှောက်ရန်အတွက် ရှင်းလင်းခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရန်အတွက်ရှင်းလင်းခြင်းဖြစ်ပါတယ်။

တက်ရောက်လာကြသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ကိုယ်စားလှယ်များထဲမှ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတစ်ဦးကိုရွေးချယ်တင်မြှောက်ခြင်းနှင့်ပတ်သက်၍ သဘာပတိ၏ခွင့်ပြုချက်အရ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌရွေးချယ်ဖို့ဖိတ်ခေါ် အဆိုပြုလွှာတင်သွင်းတဲ့နေရာမှာ အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးတည်းသာရှိမယ်ဆိုလျှင် ၎င်းပြည်နယ်လွှတ်တော်

ကိုယ်စားလှယ်ကို ဥက္ကဋ္ဌအဖြစ်တင်မြှောက်ကြောင်း ကြေညာသွားမှာ ဖြစ်ပါတယ်။

အကယ်၍ ဥက္ကဋ္ဌတင်မြှောက်ရန်အဆိုတင်သွင်းရာမှာ (၁)ဦးထက်ပိုပါက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ လျှို့ဝှက်ဆန္ဒမဲလက်မှတ်ကို အထောက်အကူပြုရုံးအဖွဲ့ထံမှထုတ်ယူ၍ ဆန္ဒမဲပေးရွေးချယ်ရန်ဖြစ်ပြီး ထောက်ခံမဲအများဆုံးရရှိသူကိုသာဥက္ကဋ္ဌအဖြစ် တင်မြှောက်သွားမှာ ဖြစ်ပါတယ်။

**ဒေါက်တာအေးဇံ(သဘာပတိ)။** ပုံစံ(၁)တွင်ဖြည့်စွက်ရမည့်အချက်များ-

(က)အမည်စာရင်းတင်သွင်းသူက မိမိအမည်စာရင်းတင်သွင်းလိုသူသည်ဥက္ကဋ္ဌအဖြစ်တင်မြှောက်ခြင်းခံရလျှင် လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားရယူပြီးဖြစ်ရမည်၊
(ပုံစံ-၁ ရှိ အမှတ်စဉ် ၁ တွင် တင်သွင်းခံရသူမှလက်မှတ်ရေးထိုးရမည်။)

(ခ) အမည်စာရင်းတင်သွင်းသူအနေဖြင့် ပုံစံ-၁ ရှိ အမှတ်စဉ် ၂ တွင် လက်မှတ်ရေးထိုးရမည်၊

(ဂ) မိမိအမည်စာရင်းတင်သွင်းထားသည့် အမည်စာရင်းတင်သွင်းခံရသူအား ထောက်ခံသည့်လက်မှတ်ကို ပုံစံ-၁ ရှိ အမှတ်စဉ် ၃တွင်ထောက်ခံသူမှ လက်မှတ်ရေးထိုးရမည်၊

(ဃ)အမည်စာရင်းတင်သွင်းသူအနေဖြင့် ပုံစံ - ၁ အောက်ဆုံး၌ လက်မှတ်ရေးထိုးထားရှိရမည်၊

(င) ကိုယ်စားလှယ်များအနေဖြင့် ပုံစံ-၁ အား ဖြည့်စွက်ရာတွင် မှားယွင်းဖြည့်စွက်မိပါက ပုံစံ-၁အသစ်(၁)စောင်ထပ်မံ ထုတ်ယူနိုင်ပြီးမှားယွင်းမိသောပုံစံ၁အား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ဖျက်ဆီးပစ်ရမည်။

## ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌရွေးချယ်တင်မြှောက်ရန်ဆောင်ရွက်ခြင်း

**ဒေါက်တာအေးဇံ(သဘာပတိ)။** ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌရွေးချယ်တင်မြှောက်ရန် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌလောင်းအဆိုပြုလွှာပုံစံ(၁)အား အခမ်းအနားမှူးထံတွင် သွားရောက်ထုတ်ယူနိုင်ပါပြီခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥက္ကဋ္ဌလောင်းအမည်စာရင်းထပ်မံအဆိုပြုလိုသူရှိပါက ထပ်မံအဆိုပြုနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။ (သုံးကြိမ်ဖိတ်ခေါ်ပါသည်။)

ပုံစံ(၁)၊ (၁) စောင်ထုတ်ပေးထားပြီး (၁) စောင်ပြန်လည်လက်ခံ ရရှိပါသည်။ ပုံစံ(၁)ထုတ်ယူပြီး အဆိုပြုလွှာပြန်လည်အပ်နှံလာမှု အခြေအနေအရ အဆိုတင်သွင်းခံရသည့် ဥက္ကဋ္ဌလောင်း၏ အမည်စာရင်းကိုပုံစံ(၃)တွင် ဖြည့်စွက်၍ကြေညာသွားမှာဖြစ်ပါသည်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအဖြစ်တင်မြှောက်ကြောင်း ကြေညာခြင်း

**ဒေါက်တာအေးဇံ(သဘာပတိ)။** အစီအစဉ်အရ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်းကြေညာခြင်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ဥက္ကဋ္ဌရွေးချယ်တင်မြှောက်ရေးအတွက် အမည်စာရင်းတင်ဖို့ဖိတ်ခေါ်တဲ့အခါမှာ သံဖြူဇရပ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်တင်အိအား ဥက္ကဋ္ဌအဖြစ်ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်မျိုးမြင့်ကထောက်ခံပြီး၊ မော်လမြိုင်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)မှ

ဦးမင်းထင်အောင်ဟန်က တင်သွင်းခဲ့ပါတယ်။ ဥက္ကဋ္ဌအဖြစ်အမည်စာရင်း တင်သွင်းလာသူ တစ်ဦးတည်းသာရှိတဲ့အတွက် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇ အရ သံဖြူဇရပ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ဒေါ်တင်အိအား ဥက္ကဋ္ဌအဖြစ်ရွေးချယ်တင်မြှောက်ကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌရွေးချယ်တင်မြှောက်ရန်အတွက် ရှင်းလင်းခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရန်အတွက် ရှင်းလင်းခြင်းဖြစ်ပါတယ်။

တက်ရောက်လာကြသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား၊ ကိုယ်စားလှယ်များထဲမှ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌတစ်ဦးကို ရွေးချယ် တင်မြှောက်ခြင်းနှင့်ပတ်သက်၍ သဘာပတိ၏ခွင့်ပြုချက်အရ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌရွေးချယ်ဖို့ဖိတ်ခေါ်အဆိုပြုလွှာတင်သွင်းတဲ့နေရာမှာ အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးတည်းသာရှိမယ်ဆိုလျှင် ၎င်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ကိုဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်းကြေညာ သွားမှာဖြစ်ပါတယ်။

အကယ်၍ဒုတိယဥက္ကဋ္ဌတင်မြှောက်ရန် အဆိုတင်သွင်းရာမှာ (၁)ဦး ထက်ပိုပါက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ လျှို့ဝှက်ဆန္ဒမဲ လက်မှတ်ကို အထောက်အကူပြုရုံးအဖွဲ့ထံမှထုတ်ယူ၍ ဆန္ဒမဲပေးရွေးချယ်ရန် ဖြစ်ပြီး ထောက်ခံမဲအများဆုံးရရှိသူကို ဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်သွားမှာ ဖြစ်ပါတယ်။

**ဒေါက်တာအေးဇံ(သဘာပတိ)။** ပုံစံ-၁တွင် ဖြည့်စွက်ရမည့်အချက်များ-

(က)အမည်စာရင်းတင်သွင်းသူက မိမိအမည်စာရင်း တင်သွင်းလိုသူသည် ဒုတိယဥက္ကဋ္ဌအဖြစ်တင်မြှောက်ခြင်းခံရလျှင် လက်ခံဆောင်ရွက်ရန်သဘောတူကြောင်း သဘောထားရယူပြီးဖြစ်ရမည်၊ (ပုံစံ-၁ ရှိ အမှတ်စဉ် ၁ တွင် တင်သွင်းခံရသူမှ လက်မှတ်ရေးထိုးရမည်။)

(ခ) အမည်စာရင်းတင်သွင်းသူ အနေဖြင့် ပုံစံ-၁ ရှိ အမှတ်စဉ် ၂ တွင် လက်မှတ်ရေးထိုးရမည်၊

(ဂ) မိမိအမည်စာရင်းတင်သွင်းထားသည့် အမည်စာရင်းတင်သွင်းခံရသူအားထောက်ခံသည့်လက်မှတ်ကို ပုံစံ-၁ ရှိအမှတ်စဉ် ၃ တွင် ထောက်ခံသူမှလက်မှတ်ရေးထိုးရမည်၊

(ဃ)အမည်စာရင်းတင်သွင်းသူအနေဖြင့် ပုံစံ - ၁ အောက်ဆုံး၌ လက်မှတ်ရေးထိုးထားရှိရမည်၊

(င) ကိုယ်စားလှယ်များအနေဖြင့် ပုံစံ-၁အား ဖြည့်စွက်ရာတွင် မှားယွင်းဖြည့်စွက်မိပါက ပုံစံ-၁ အသစ်(၁)စောင် ထပ်မံထုတ်ယူနိုင်ပြီးမှားယွင်းမိသော ပုံစံ-၁အား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှေ့မှောက်တွင် ဖျက်ဆီးပစ်ရမည်။

## ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌရွေးချယ်တင်မြှောက်ရန် ဆောင်ရွက်ခြင်း

**ဒေါက်တာအေးဇံ(သဘာပတိ)။** အစီအစဉ်အရ ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌရွေးချယ်တင်မြှောက်ရန် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌလောင်းအဆိုပြုလွှာပုံစံ (၁) အား အခမ်းအနားမှူးထံတွင် သွားရောက်ထုတ်ယူနိုင်ပါပြီခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းထပ်မံအဆိုပြုလိုသူရှိပါက ထပ်မံအဆိုပြုနိုင်ကြောင်း ဖိတ်ခေါ် အပ်ပါတယ်။ (သုံးကြိမ်ဖိတ်ခေါ်ပါသည်။)

ပုံစံ(၁)၊ (၁)စောင်ထုတ်ပေးထားပြီး (၁)စောင်ပြန်လည်လက်ခံရရှိ ပါတယ်။ ပုံစံ(၁)ထုတ်ယူပြီး အဆိုပြုလွှာပြန်လည်အပ်နှံလာမှုအခြေအနေ အရ အဆိုတင်သွင်းခံရသည့် ဒုတိယဥက္ကဋ္ဌလောင်း၏အမည်စာရင်းကို ပုံစံ(၃)တွင် ဖြည့်စွက်၍ကြေညာမှာဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်းကြေညာခြင်း

**ဒေါက်တာအေးဇံ(သဘာပတိ)။** အစီအစဉ်အရ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်းကြေညာခြင်းဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ဒုတိယဥက္ကဋ္ဌရွေးချယ် တင်မြှောက်ရေးအတွက် အမည်စာရင်းတင်သွင်းဖို့ ဖိတ်ခေါ်တဲ့အခါမှာ ဘီးလင်း မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမင်းမင်းဦးအား ဒုတိယဥက္ကဋ္ဌအဖြစ် ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇော်ဇော်ထူးက ထောက်ခံပြီး၊ ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးချစ်တင်က တင်သွင်းခဲ့ပါတယ်။ ဒုတိယဥက္ကဋ္ဌအဖြစ် အမည်စာရင်းတင်သွင်းလာသူ တစ်ဦးတည်းသာရှိတဲ့ အတွက် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၇ အရ ဘီးလင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းဦးအား ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား။

## မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့မှသဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ မွန်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့မှ သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းဖြစ်ပါတယ်။

မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့မှ ကတိသစ္စာပြုခြင်းနှင့်လက်မှတ်ရေးထိုးခြင်းအတွက် နေရာယူပေးပါရန် ပန်ကြားအပ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မတ်တပ်ရပ်ပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာအေးဇံ(သဘာပတိ)။** ကတိသစ္စာပြုချက်ကို ကျွန်ုပ်က တိုင်ပေးမှာဖြစ်ပြီး ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့က လိုက်ဆိုဖို့ဖြစ်ပါတယ်။ ကျွန်ုပ်နောက်တွင်မိမိအမည်ကို ရွတ်ဆိုရန်ဖြစ်ပါတယ်။

### ဥက္ကဋ္ဌမှ ကတိသစ္စာပြုခြင်း

**ဒေါ်တင်အိ(ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ)။** မွန်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးဖြစ်သော ကျွန်ုပ်ဒေါ်တင်အိသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုမပြိုကွဲရေး ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝရဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ကျွန်ုပ်ထမ်းဆောင်ရမည်ဖြစ်သော

တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ထမ်းဆောင်မည်ဖြစ်ကြောင်း လေးနက်တည်ကြည်စွာကြေညာ၍ ကတိသစ္စာပြုပါသည်။

## ဒုတိယဥက္ကဋ္ဌမှ ကတိသစ္စာပြုခြင်း

**ဦးမင်းမင်းဦး(ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ)။** မွန်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးဖြစ်သော ကျွန်ုပ် ဦးမင်းမင်းဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ဥပဒေများကိုလည်းလိုက်နာပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝရဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ကျွန်ုပ်ထမ်းဆောင်ရမည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်း ရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ထမ်းဆောင်မည်ဖြစ်ကြောင်း လေးနက်တည်ကြည်စွာကြေညာ၍ ကတိသစ္စာပြုပါသည်။

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ပါပြီခင်ဗျား။ ကတိသစ္စာပြုလွှာများပေါ်တွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့မှ လက်မှတ်ရေးထိုးပေးဖို့ဖြစ်ပါတယ်။
(ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့မှ ကတိသစ္စာပြုလွှာပေါ်တွင်လက်မှတ်ရေးထိုးပါသည်။)

## ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး သဘာပတိမှ ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးသဘာပတိမှ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ခြင်းဖြစ်ပါတယ်။

မွန်ပြည်နယ်လွှတ်တော်သဘာပတိမှ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ပေးပါရန်နှင့် ဥက္ကဋ္ဌမှလက်ခံရယူရန်အတွက် နေရာယူပေးပါရန် ပန်ကြားအပ်ပါတယ်။

## မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ မိတ်ဆက်စကားပြောကြားခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ မိတ်ဆက်စကားပြောကြားခြင်းဖြစ်ပါတယ်။ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ မိတ်ဆက်စကားပြောကြားပေးပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒေါ်တင်အိ(ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ)။** ဒီကနေ့ဟာဆိုရင် ဒုတိယအကြိမ် ပြည်နယ်လွှတ်တော်ရဲ့ပထမပုံမှန်အစည်းအဝေး(ပထမနေ့ )ဖြစ်ပါတယ်။ အခုလိုပထမနေ့ကို တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖိတ်ကြားထားသော ဧည့်သည် တော်များအားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ မေတ္တာပို့သရင်းနဲ့နှုတ်ခွန်းဆက်သပါတယ်။

ကျွန်မတို့ ဒီကနေ့ဒုတိယအကြိမ် ပထမပုံမှန်အစည်းအဝေးကို တစ်စုတစ်စည်းတည်း တက်ရောက်လာကြတဲ့ ရောက်ရှိလာကြတဲ့ မွန်ပြည်နယ်

လွှတ်တော်အဆောက်အအုံထဲမှာ တက်ရောက်လာကြသူများအားလုံးက ဒုတိယအကြိမ်ရောက်ဖို့ ပထမအကြိမ်ပြည်နယ်လွှတ်တော်က တာဝန်ရှိတဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးနှင့် လွှတ်တော်ရုံးမှာရှိတဲ့ ဝန်ထမ်းများအားလုံးကို ကျွန်မတို့ ကျေးဇူးတင်ခြင်းဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် ပထမအကြိမ်ပြည်နယ်လွှတ်တော်ကနေပြီးတော့ ဒုတိယအကြိမ် ဒီလိုမျိုး၊ ဒီနေ့လိုမျိုးအဆင်ပြေချောမွေ့စွာနဲ့ ကျွန်မတို့ဒုတိယအကြိမ်ပြည်နယ်လွှတ်တော်ရဲ့ ပထမနေ့ကျင်းပနိုင်ခြင်းဟာအများကြီး ကျေးဇူးတင်စရာဖြစ်ကြောင်း ကျွန်မပြောကြားလိုပါတယ်။ သူတို့ဟာဆိုလို့ရှိရင် ဒုတိယအကြိမ်ပြည်နယ်လွှတ်တော်ရဲ့ပထမပုံမှန်အစည်းအဝေးကို အဆင်ပြေစွာနဲ့ဆောင်ရွက်နိုင်ဖို့ကို (၁၈. ၁. ၂၀၁၆)၊ (၁၉. ၁. ၂၀၁၆)၊ (၅. ၂. ၂၀၁၆) ရက်နေ့တို့မှာခေါ်ယူ၍ ကျွန်မတို့နဲ့တွေ့ဆုံ ညှိနှိုင်းစီစဉ်ပြီးတော့မှ ဆောင်ရွက်ထားတာ သူတို့ကတာဝန်အရဆောင်ရွက်တဲ့ အခါမှာစိတ်စေတနာပါတယ်လို့ ကျွန်မခံစားမိပါတယ်။ အားလုံးကိုကျေးဇူးတင်ခြင်းဖြစ်ပါတယ်။

ကျွန်မတို့ ဒီလွှတ်တော်ရုံးကို စုရုံးရောက်ရှိလာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးဟာ တူညီသောခံယူချက်ဖြင့် ရောက်ရှိလာတာဖြစ်ပါတယ်။ ဒါကြောင့် တူညီသောခံယူချက်က ဘာလဲဆိုလို့ရှိရင် ကျွန်မတို့နိုင်ငံအကျိုးနှင့်နိုင်ငံသားအကျိုးကို ဆောင်ရွက်ဖို့ တူညီသောခံယူချက်ဖြင့်ရောက်ရှိလာကြောင်း ကျွန်မခံယူထားပါတယ်။ အဲဒီတော့ ကျွန်မတို့ တူညီသော ခံယူချက်ဖြင့်ရောက်ရှိလာပြီးတော့ ဆောင်ရွက်တဲ့နေရာမှာ လွှတ်တော်ရဲ့ဂုဏ်သိက္ခာမြင့်မားအောင် ဆောင်ရွက်ကြရအောင်လို့ ကျွန်မပြောချင်ပါတယ်။

ကျွန်မတို့လွှတ်တော်ရဲ့ဂုဏ်သိက္ခာ မြင့်မားအောင်ဆောင်ရွက်ဖို့က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တိုင်းမှာ တာဝန်ရှိပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တိုင်းရဲ့ ပြုမူဆောင်ရွက်တဲ့ပုံ၊ နှုတ်ထွက်ပုံ (?)

အရေးကြီးပါတယ်။ ကျွန်မတို့တစ်ဦးစီရဲ့ ပြုမူဆောင်ရွက်တဲ့ပုံ၊ နှလုံးသွင်းပုံ မြင့်မားမှသာလျှင် ကျွန်မတို့ပြည်နယ်လွှတ်တော်ရဲ့ဂုဏ်သိက္ခာမြင့်မားမယ်လို့ ကျွန်မပြောချင်ပါတယ်။ နောက်တော့ ဆောင်ရွက်တဲ့နေရာမှာတစ်ယောက်နဲ့ တစ်ယောက်ယုံကြည်ရမယ်။ နားလည်မှုရှိရမယ်။ လေးစားပြီးတော့ သည်းခံခြင်း၊ စိတ်စေတနာအရင်းခံနဲ့ဆောင်ရွက်ပါလို့ ကျွန်မပြောချင်ပါတယ်။

ကျွန်မအနေနဲ့ ဒီလိုဥက္ကဋ္ဌနေရာကို တာဝန်ပေးခြင်းခံရတဲ့အတွက် ကြောင့်မို့လို့ ကျွန်မအားလုံးကိုကျေးဇူးတင်တဲ့အပြင်ကို ကျွန်မလည်း ဒီတာဝန်ကိုဝမ်းမြောက်စွာ၊ ဂုဏ်ယူစွာနဲ့ဆောင်ရွက်မှာဖြစ်ပါတယ်။ ကျွန်မနဲ့ ဒုတိယဥက္ကဋ္ဌအပြင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးကလည်း ကျွန်မတို့နဲ့အတူတူပူးပေါင်းပြီးတော့ ဆောင်ရွက်ကြပါလို့ ကျွန်မပြောချင် ပါတယ်ရှင်။

ကိုယ်စားလှယ်ကြီးများရှင်၊ ကျွန်မတို့ကနိုင်ငံနဲ့နိုင်ငံသားများအကျိုး အတွက် ဆောင်ရွက်တဲ့နေရာမှာ နိုင်ငံသူ၊ နိုင်ငံသားအားလုံးရဲ့ လူ၊ ကိုယ်ခန္ဓာနဲ့ပစ္စည်းဥစ္စာလုံခြုံရေးနဲ့ လူတို့ကအသက်ရှင်နေသ၍ လူရဲ့စိတ် အေးချမ်းလုံခြုံ၊ ချမ်းသာစွာနေထိုင်ရေးအတွက် ကျွန်မတို့ရှေးရှုပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ လွှတ်တော်ဆိုတာဥပဒေပြုရမှာဖြစ်ပါတယ်။ ဥပဒေပြုတဲ့နေရာမှာလည်း နိုင်ငံနဲ့ နိုင်ငံသူ၊ နိုင်ငံသားအကျိုးကို ရှေးရှုပြီး တော့မှ နိုင်ငံတော်ကာကွယ်ဖို့၊ နိုင်ငံသူနိုင်ငံသားများ အသက်အိုးအိမ်၊ စည်းစိမ်၊ လုံခြုံအေးချမ်းစွာ နေနိုင်ပြီးတော့ ရှေးရှုရမဲ့ဥပဒေများကိုလည်း ဆောင်ရွက်ကြရအောင်လို့ ကျွန်မပြောချင်ပါတယ်။ ကျွန်မကလည်း ကတိ သစ္စာမှာဆိုထားတဲ့အတိုင်းဘဲ ကျွန်မတို့မွန်ပြည်နယ်အကျိုး၊ နိုင်ငံအကျိုး၊ ပြည်သူတွေ့ရဲ့အကျိုးဆောင်ရွက်တဲ့နေရာမှာ ကျွန်မတာဝန်ရှိသလို

ကိုယ်စွမ်းရှိသလောက်၊ ဉာဏ်စွမ်းရှိသလောက်ဥပဒေနှင့်အညီ ဆောင်ရွက်မှာပါလို့ပြောရင်းနဲ့ ကျွန်မနိဂုံးချုပ်ပါတယ်။

**ဒုတိယအကြိမ်မြောက်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(ပထမနေ့) အစည်းအဝေးရပ်နားကြောင်းနှင့်(ဒုတိယနေ့)အစည်းအဝေး ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကြေညာခြင်း။**

**အခမ်းအနားမှူး။** အစီအစဉ်အရ ဒုတိယအကြိမ်မြောက်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (ပထမနေ့) ရပ်နားရန် ကြေညာခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဒေါ်တင်အိ(ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ)။** ဒုတိယအကြိမ်မြောက်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (ပထမနေ့)ရပ်နားခြင်းဖြစ်ပါတယ်။

တက်ရောက်လာကြသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ ဒုတိယအကြိမ်မြောက်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(ပထမနေ့)ကို ရပ်နားကြောင်းနှင့် ဒုတိယအကြိမ်မြောက်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(ဒုတိယနေ့) ကျင်းပမည့်နေ့ရက်ကို ထပ်မံကြေညာပေးမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာမှာဖြစ်ပါတယ်ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မတ်တပ်ရပ်ပေးကြပါရန် ပန်ကြားအပ်ပါတယ်။

(ဒုတိယအကြိမ်မြောက်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (ပထမနေ့)ကို ၁၁း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။)

## ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်
## ပထမပုံမှန် အစည်းအဝေး(ဒုတိယနေ့)မှတ်တမ်း
## ၁၃၇၇ ခုနှစ်၊ တပေါင်းလဆုတ် ၅ ရက်
## ( ၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက် )
## (တနင်္လာနေ့)

မွန်ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(ဒုတိယနေ့)ကို နံနက် ၀၉း၃၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

**အချိန်။ ၀၉း၃၀။**

### ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား၊ ယခုအချိန်ကစပြီး ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို စတင်ပါတော့မယ်။ အစည်းအဝေးအစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံသို့ ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက်အစီအစဉ်အတိုင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးကတော့ ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(ဒုတိယနေ့)ဖြစ်ပါတယ်။ အစည်းအဝေးမှာအခမ်းအနားမှူးအဖြစ် ကျွန်တော် မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ (မွန်ပြည်နယ်လွှတ်တော်ရုံး) ညွှန်ကြားရေးမှူး

ဦးနေမျိုးအောင်က ဆောင်ရွက်မှာဖြစ်ပြီး တွဲဘက်အခမ်းအနားမှူးအဖြစ် မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ (မွန်ပြည်နယ်လွှတ်တော်ရုံး) ဦးစီးအရာရှိ ဦးဇော်မင်းသိန်းတို့က ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အစီအစဉ်အရ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီ။ အားလုံးဘဲထိုင်နိုင်ပါပြီ ခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ယနေ့အစည်းအဝေးသို့ မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးစုလွှတ်တော် ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း(၃၁)ဦးတက်ရောက်ခွင့်ရှိသည့်အနက် ကိုယ်စားလှယ်(၃၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့်ဦးရေစုစုပေါင်းရဲ့(၁၀၀) ရာခိုင်နှုန်းတက်ရောက်တဲ့အတွက်ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမ ပုံမှန်အစည်းအဝေး (ဒုတိယနေ့)အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာအပ်ပါတယ်ရှင်။အစည်းအဝေးကို ဖြန့်ဝေထားတဲ့အစီအစဉ်အတိုင်း ကျင်းပသွားမှာ ဖြစ်ပါတယ်ရှင်။

## ခွင့်ပန်ကြားခြင်းနှင့် ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ အစည်းအဝေးသို့ အကြောင်းအမျိုးမျိုးကြောင့် မတက်ရောက်နိုင်သော ကိုယ်စားလှယ်များမရှိတဲ့အတွက် အစည်းအဝေးတက်ရောက်ခွင့်ရှိသူရဲ့ (၁၀၀%)တက်ရောက်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ရှိရင်းကိုယ်စားလှယ် (၃၁) ဦး၊ ခွင့်ပန်သူ (-)ဦး၊ အစည်းအဝေးတက်ရောက်သူ (၃၁)ဦးဖြစ်ကြောင်း ကိုယ်စားလှယ်စိစစ်ရေးကော်မတီမှ တင်ပြလာပါတယ်။

အစည်းအဝေးတက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်အတည်ပြုရန်သဘောတူပါသလားရှင်ဟု (၃)ကြိမ်မေးမြန်းခဲ့ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးက သဘောတူသည့်အတွက် ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစည်းအဝေးတက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာအပ်ပါတယ်ရှင်။

## မွန်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန်အတွက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့ထားသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ တင်ပြခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ မွန်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန်အတွက်နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်

ခံထားရသူကပေးပို့ထားသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ တင်ပြခြင်းဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌခင်ဗျား၊ ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေအပိုဒ် ၅၂ အရ ပြည်နယ်ဝန်ကြီးချုပ်ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့ထားသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းအား ကြေညာပေးပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** တက်ရောက်လာကြသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေအပိုဒ်၅၁(က)အရ မွန်ပြည်နယ်အတွက် ပြည်နယ်ဝန်ကြီးချုပ်ခန့်အပ်တာဝန်ပေးနိုင်ရန် ဘီးလင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမင်းမင်းဦးအား နိုင်ငံတော်သမ္မတမှ အဆိုပြုထားပါကြောင်း ကြေညာအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတွင်တာဝန်ပေးမည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအမည်စာရင်းအား ပြည်နယ်လွှတ်တော်သို့တင်ပြခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီတွင် တာဝန်ပေးမည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းအား ပြည်နယ်လွှတ်တော်သို့တင်ပြခြင်းဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှပြည်နယ်လွှတ်တော်သို့တင်ပြပေးပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ဒီနေ့အစည်းအဝေးမှာ ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှစ၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်နိုင်ရန်အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၁၊ ပုဒ်မခွဲ(ဂ)နှင့်အညီ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၄)ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်(၁)ဦး၊ စုစုပေါင်း(၅)ဦးဖြင့် ဖွဲ့စည်းမှာဖြစ်ပါတယ်။ ဒီကော်မတီမှာ တာဝန်ပေးမည့်သူများကတော့ -

(က) ဦးချစ်တင်၊ ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊

(ခ) ဒေါ်ကြည်ကြည်မြ၊ ချောင်းဆုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊

(ဂ) ဒေါ်မြသီတာမော်၊ မုဒုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊

(ဃ) ဗိုလ်မှူးဇော်လင်းအောင်၊ တပ်မတော်သားကိုယ်စားလှယ်၊

(င) ဦးထွန်းဌေး၊ သံဖြူဇရပ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)တို့ဖြစ်ပြီး

ဦးချစ်တင်၊ ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)အား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးထွန်းဌေး၊ သံဖြူဇရပ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)အား အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ကျန်(၃)ဦးအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း တာဝန်ပေးအပ်သွားမှာဖြစ်ပါတယ်။

## ပြည်နယ်ဝန်ကြီးချုပ်အဖြစ်ခန့်အပ်တာဝန်ပေးမည့် ပုဂ္ဂိုလ်၏ကိုယ်ရေးအချက်အလက်အကျဉ်းအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံဖြန့်ဝေခြင်း

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ အစီအစဉ်အရ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးမည့်

ပုဂ္ဂိုလ်၏ကိုယ်ရေးအချက်အလက်အကျဉ်းအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံဖြန့်ဝေခြင်းဖြစ်ပါတယ်။

ပြည်နယ်ဝန်ကြီးချုပ် အဖြစ်ခန့်အပ်တာဝန်ပေးမည့်ပုဂ္ဂိုလ်၏ ကိုယ်ရေးအချက်အလက်အကျဉ်းအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ဖတ်ရှုလေ့လာနိုင်ရေးအတွက် အထောက်အကူပြုရုံးအဖွဲ့မှ လိုက်လံဝေငှမည်ဖြစ်ပါတယ်။

(အထောက်အကူပြုရုံးအဖွဲ့မှ လိုက်လံဝေငှပါသည်။)

**ဥက္ကဋ္ဌ။** ဦးအောင်နိုင်ဦး မေးစရာရှိပါသလားရှင်။

**ဒေါက်တာအောင်နိုင်ဦး(ချောင်းဆုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်၁)။**

ဥက္ကဋ္ဌရဲ့ခွင့်ပြုချက်အရ ကျွန်တော်တို့ရေးရာကော်မတီ ဖွဲ့စည်းတဲ့အပိုင်းမှာ အခြေခံဥပဒေပုဒ်မ ၁၀၆၊ ၁၀၇မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကော်မတီနှင့်အဖွဲ့များ ဖွဲ့စည်းခြင်းကို ပုဒ်မ ၁၆၇(က)၊ (ခ)၊ (ဂ)မှာ ဖော်ပြထားပါတယ်။ (က)မှာတော့လိုအပ်လျှင် ကော်မတီ၊ အဖွဲ့ဖွဲ့စည်းနိုင်တယ်။ (ခ)မှာတော့ သင့်လျော်တဲ့နိုင်ငံသားတွေနဲ့ ပါဝင်ထည့်သွင်းပြီးတော့ ဖွဲ့စည်းလို့ရတယ်။ (ဂ)မှာတော့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ကော်မတီနှင့်အဖွဲ့များဖွဲ့စည်းသည့်အခါ ယင်းကော်မတီ သို့မဟုတ် အဖွဲ့များ၏ အဖွဲ့ဝင်ဦးရေ၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ တာဝန်ပါ သတ်မှတ်ပေးရမည်ဆိုတဲ့ ပြဋ္ဌာန်းချက်တစ်ခုတော့ ပါပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော့်အနေနဲ့ဆွေးနွေးလိုတာက အခုဒီမှာ အဖွဲ့ဝင်ဦးရေကိုတော့ ကျွန်တော်တို့သိရှိထားပြီးဖြစ်ပါတယ်။ အကယ်၍ မနက်ဖြန်ဒီကော်မတီကို အတည်ပြုတဲ့အခါ သူတို့ရဲ့ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊

သက်တမ်းကိုပါတစ်ပါတည်း မနက်ဖြန်အစည်းအဝေးမှာ အတည်ပြု ထည့်သွင်းပေးနိုင်မယ်ဆိုရင်တော့ ပိုပြီးတော့ လျော်ကန်သင့်မြတ်မယ်လို့ ကျွန်တော်တင်ပြအကြံပြုအပ်ပါတယ်။

ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဦးအောင်နိုင်ဦးဆွေးနွေးတဲ့အစီအစဉ်အား မနက်ဖြန်အစီအစဉ်မှာ ထည့်သွင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(ဒုတိယနေ့) အစည်းအဝေးရပ်နားကြောင်းနှင့်(တတိယနေ့)အစည်းအဝေး ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကြေညာခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး(ဒုတိယနေ့)ရပ်နားကြောင်းနှင့် (တတိယနေ့) အစည်းအဝေးဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကြေညာခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** တက်ရောက်လာကြသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များရှင်၊ ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ရပ်နားကြောင်းနှင့် ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (တတိယနေ့)ကို (၂၉-၃-၂၀၁၆)ရက်နေ့၊ နံနက် (၁၀း၀၀)နာရီအချိန်တွင် ကျင်းပသွားမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာမှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးမတ်တပ် ရပ်ပေးကြပါရန် ပန်ကြားအပ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များအားလုံးဘဲ ပြန်လည်ထွက်ခွာနိုင်ပါပြီ။

(ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ၀၉း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။)

# ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်
# ပထမပုံမှန် အစည်းအဝေး(တတိယနေ့)မှတ်တမ်း
# ၁၃၇၇ ခုနှစ်၊ တပေါင်းလဆုတ် ၆ ရက်
# ( ၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက် )
# (အင်္ဂါနေ့)

မွန်ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(တတိယနေ့)ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

**အချိန်။ ၁၀း၀၀။**

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ယခုအချိန်ကစပြီး ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (တတိယနေ့)ကို စတင်ပါတော့မယ်။ အစည်းအဝေးအစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံသို့ ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက်အစီအစဉ်အတိုင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးကတော့ ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(တတိယနေ့)ဖြစ်ပါတယ်။ အစည်းအဝေးမှာအခမ်းအနားမှူးအဖြစ် ကျွန်တော် မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ (မွန်ပြည်နယ်လွှတ်တော်ရုံး) ညွှန်ကြားရေးမှူး

ဦးနေမျိုးအောင်ကဆောင်ရွက်သွားမှာဖြစ်ပြီး တွဲဘက်အခမ်းအနားမှူးအဖြစ် မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ (မွန်ပြည်နယ်လွှတ်တော်ရုံး) ဦးစီးအရာရှိ ဦးဇော်မင်းသိန်းတို့က ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အစီအစဉ်အရ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်းဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီ။ အားလုံးဘဲထိုင်နိုင်ပါပြီ ခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ယနေ့ အစည်းအဝေးသို့ မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လူမျိုးစုလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ စုစုပေါင်း(၃၁)ဦးတက်ရောက်ခွင့်ရှိသည့်အနက် ကိုယ်စားလှယ်(၃၁)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့်ဦးရေစုစုပေါင်းရဲ့(၁၀၀) ရာခိုင်နှုန်းတက်ရောက်တဲ့အတွက်ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမ ပုံမှန်အစည်းအဝေး(တတိယနေ့)အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာအပ်ပါတယ်ရှင်။အစည်းအဝေးကို ဖြန့်ဝေထားတဲ့အစီအစဉ်အတိုင်း ကျင်းပသွားမှာ ဖြစ်ပါတယ်။

## ခွင့်ပန်ကြားခြင်းနှင့် ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ရှိရင်းကိုယ်စားလှယ် (၃၁) ဦး၊ ခွင့်ပန်သူ (-)ဦး၊ အစည်းအဝေးတက်ရောက်သူ (၃၁)ဦးဖြစ်ကြောင်း ကိုယ်စားလှယ်စိစစ်ရေးကော်မတီမှ တင်ပြလာပါတယ်။

အစည်းအဝေးတက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်အတည်ပြုရန်သဘောတူပါသလားရှင်ဟု (၃)ကြိမ်မေးမြန်းခဲ့ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (တတိယနေ့) အစည်းအဝေးတက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းသတ်မှတ်ခြင်းတို့နှင့် ပတ်သက်၍ ကော်မတီအတွင်းရေးမှူးက ဖတ်ကြားရှင်းလင်းခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းသတ်မှတ်ခြင်းတို့နှင့်ပတ်သက်၍ ကော်မတီအတွင်းရေးမှူးက ဖတ်ကြားရှင်းလင်းခြင်းဖြစ်ပါတယ်။

ကော်မတီအတွင်းရေးမှူးမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းသတ်မှတ်ခြင်းတို့နှင့်ပတ်သက်၍ ဖတ်ကြားရှင်းလင်းပေးပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဦးထွန်းဌွေး(သံဖြူဇရပ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** အားလုံးဘဲ မင်္ဂလာပါ။ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရကိုယ်စားလှယ် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း တို့နှင့်ပတ်သက်၍ ကျွန်တော် သံဖြူဇရပ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးထွန်းဌွေးမှ တင်ပြသွားမှာဖြစ်ပါတယ်။

မွန်ပြည်နယ်လွှတ်တော်သည်ကိုယ်စားလှယ်စိစစ်ရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းသည်-

| | | | |
|---|---|---|---|
| (က) | ဦးချစ်တင် | ရေးမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂) | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်ကြည်ကြည်မြ | ချောင်းဆုံမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂) | အဖွဲ့ဝင် |
| (ဂ) | ဒေါ်မြသီတာမော် | မုဒုံမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁) | အဖွဲ့ဝင် |
| (ဃ) | ဗိုလ်မှူးဇော်လင်းအောင် | တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် | အဖွဲ့ဝင်၊ |
| (င) | ဦးထွန်းဌွေး | သံဖြူဇရပ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) | အတွင်းရေးမှူး |

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီဝင်များ၏ သက်တမ်း (၁)နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီးလိုအပ်ပါက သင့်လျော် သလိုလဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်-

## ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်

ကော်မတီ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လွှတ်တော်အစည်းအဝေးများကျင်းပရာတွင် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ခြင်း၊

(ခ) လွှတ်တော်အစည်းအဝေးသို့တက်ရောက်ရန် ဖိတ်ကြားထားသော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ အဖွဲ့အစည်းဝင်များအား စိစစ်ခြင်း၊

(ဂ) ခွင့်တိုင်ကြားခြင်းနှင့် ခွင့်မဲ့ပျက်ကွက်ခြင်းအား စိစစ်ခြင်း၊

(ဃ) လွှတ်တော်နှင့် လွှတ်တော်ဥက္ကဋ္ဌမှ ပေးအပ်သော အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လွှတ်တော်အစည်းအဝေးသို့တက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ်များအား သတ်မှတ်ချက်များနှင့်အညီ စိစစ်နိုင်သည်၊

(ခ) လွှတ်တော်အစည်းအဝေးသို့တက်ရောက်ရန် ဖိတ်ကြားထားသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတစ်ရပ်ရပ်၏ အဖွဲ့ဝင်များအား သတ်မှတ်ချက်များနှင့်အညီစိစစ်နိုင်သည်၊

(ဂ) ခွင့်တိုင်ကြားခြင်းနှင့် ခွင့်မဲ့ပျက်ကွက်ခြင်းများကို ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ တင်ပြနိုင်သည်။

ကော်မတီသည် ကော်မတီအစည်းအဝေးများ တက်ရောက်ခြင်း၊ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီ၏လုပ်ငန်းကိစ္စ၊ တာဝန်အရ ခရီးထွက်ခြင်း၊ တည်းခိုနေထိုင်ခြင်းနှင့် စားသောက်စရိတ်များအတွက်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခံစားခွင့် ဥပဒေပါ နေ့တွက်စရိတ်ငွေ စသည့်ခံစားခွင့်များကို ခံစားခွင့်ရှိသည်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီတွင်တာဝန်ပေးမည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်းအပေါ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးရန်ရှိပါက ဆွေးနွေးခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီတွင်တာဝန်ပေးမည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်းအပေါ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးရန်ရှိပါက ဆွေးနွေးခြင်းဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီတွင် တာဝန်ပေးအပ်မည့် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်(၃)ဦးတို့၏ အမည်စာရင်းတို့နှင့်ပတ်သက်၍ ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေအပိုဒ် ၃၆၊ အပိုဒ်ခွဲ(က)အရ ကိုယ်စားလှယ်များမှ တင်ပြဆွေးနွေးရန်ရှိပါက ဆွေးနွေးပေးကြပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဦးထွန်းမင်းအောင်(ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ကျွန်တော်ကတော့ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်

အမှတ်(၁)မှ အရွေးချယ်ခံပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးထွန်းမင်းအောင် ဖြစ်ပါတယ်။ အရွေးချယ်ခံလွှတ်တော်ကိုယ်စားလှယ်များဟာဆိုရင် ပြည်သူကမဲပေးပြီးတော့ ပြည်သူကခန့်ထားတဲ့ ပြည်သူကတာဝန်ပေးထား တာနဲ့အညီ ကော်မတီဖွဲ့စည်းတာနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်မဲဆန္ဒနယ် ပြည်သူကိုယ်စား ကျွန်တော်မေးမြန်းဆွေးနွေးလိုပါတယ်။

ပြည်နယ်လွှတ်တော်ကဖွဲ့စည်းမယ့်ရေးရာကော်မတီဟာဆိုရင် လွှတ်တော်ရဲ့အင်ဂျင်ပါဝါနဲ့အလားသဏ္ဍာန်တူတာနဲ့အညီ ကျွန်တော်တို့ ရေးရာကော်မတီက အားကောင်းလေ၊ ထက်မြက်လေ ပြည်နယ်အစိုးရကို ထိန်းကျောင်း (Check& Balance)လုပ်တဲ့နေရာမှာ ပိုပြီးထိရောက်နိုင်မှာ ဖြစ်ပါတယ်။

ပထမတစ်ချက်အနေနဲ့ ကော်မတီမှာပါဝင်တဲ့သူဟာအကယ်၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဆိုလို့ရှိရင် ကာယကံရှင်ရဲ့သဘောထား ဆန္ဒကိုရယူပြီးမှ ဖွဲ့စည်းသင့်တယ်လို့ ကျွန်တော့်အနေနဲ့အကြံပြုလိုပါတယ်။ ကျွမ်းကျင်ရာလိမ္မာရာဆိုတဲ့အတိုင်း စိတ်အားထက်သန်ပြီးတော့ ကျွမ်းကျင်မှု မရှိတဲ့နေရာမှာ ဝင်ရောက်လုပ်ကိုင်နေရမယ်ဆိုရင် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအတွက်လည်းအချိန်ကုန်၊ ဒီရေးရာကော်မတီအတွက်လည်း အင်အားမဖြစ်ဘဲ ကိုယ်စားလှယ်ရဲ့စွမ်းအားတွေက ပြည်သူအတွက် ထိထိ ရောက်ရောက်လုပ်ပေးဖို့ အခွင့်အလမ်းဆုံးရှုံးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ပထမမေးခွန်းက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးကို ရိုသေစွာနဲ့မေးမြန်း လိုတာကတော့ သက်ဆိုင်ရာရေးရာကော်မတီမှာ ဖွဲ့စည်းတာဝန်ပေးမယ့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ရဲ့သဘောဆန္ဒကို ရယူခဲ့ပါသလား။

ဒုတိယအချက်အနေနဲ့က တစ်ဆက်တည်း နောက်ဖြစ်ပေါ်လာမယ့် ဘဏ္ဍာရေး၊ စီမံကိန်းနှင့်စီးပွားရေးတို့လိုမျိုး၊နောက်တင်ပြစာ၊ တိုင်ကြားစာ၊ အသနားခံစာကော်မတီလိုမျိုး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ

လိုမျိုး စတဲ့အဲဒီရေးရာကော်မတီတွေ ဖွဲ့စည်းတဲ့အခါမှာ ဖြစ်ပေါ်လာမယ့် အချက်အလက်၊ ကိစ္စနဲ့ပတ်သက်ပြီးတော့ ဒုတိယအနေနဲ့ဆွေးနွေးလိုပါတယ်။ ရှေ့ဖွဲ့စည်းလာမယ့် ရေးရာကော်မတီမှာဆိုလို့ရှိရင် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်သည် ပြည်သူတွေကမဲပေးထားတဲ့သူတွေဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်ကအထွေအထူး ပြောနေစရာမလိုပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၇ (ခ)မှာ ကျွန်တော်တို့ရေးရာကော်မတီမှာဆိုလို့ရှိရင် နိုင်ငံသား တွေနဲ့ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်တဲ့အချက်အရ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်မဟုတ်တဲ့ အပြင်ကပုဂ္ဂိုလ်တွေကို ထည့်သွင်းတဲ့နေရာမှာ သူတို့ရဲ့ Background, History တွေ Biography တွေကို လေ့လာစိစစ် သင့်တဲ့အပြင် ကျွန်တော်တို့တစ်ပြည်နယ်လုံးကိုယ်စားပြုတဲ့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့သဘောဆန္ဒကိုလည်း ရယူသင့် ပါတယ်လို့ ကျွန်တော်အကြံပြုတင်ပြအပ်ပါတယ်။

ဒါ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ကျန်တဲ့ရေးရာကော်မတီဝင် တွေကို ဥက္ကဋ္ဌကြီးအနေနဲ့ လူရွေးချယ်ခဲ့ပြီးပြီလား၊ ရွေးခဲ့ပြီးပြီဆိုလို့ရှိရင် ဘယ်လို ပုံစံနဲ့ရွေးချယ်ခဲ့ပါသလဲဆိုတာ ကျွန်တော့်မဲဆန္ဒနယ်ပြည်သူတွေရဲ့ ကိုယ်စား ကျွန်တော်ရိုသေစွာနဲ့မေးမြန်းဆွေးနွေးလိုပါတယ်။

ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးထွန်းမင်းအောင် မေးမြန်းသွားပါတယ်။ ရေးရာကော်မတီ နဲ့ပတ်သက်ပြီးတော့ မတ်လ(၁)ရက်နေ့မှာ ကိုယ်စားလှယ်တွေနဲ့ ကျွန်မ ဒီမှာအစည်းအဝေးခေါ်ပါတယ်။ အဲဒီနေ့ကတည်းက ကျွန်မပြောပြ ထားတယ်။ ကျွန်မတို့က ရေးရာကော်မတီဖွဲ့တော့မယ်။ ဖွဲ့လို့ရှိရင် ကျွန်မတို့ မြို့နယ်မှာရှိတဲ့နာမည်ကောင်းနဲ့ ကျော်ကြားတဲ့ပညာရှင်တွေ၊ အငြိမ်းစား

ဝန်ထမ်းတွေ အဲဒါတွေနဲ့ ကျွန်မတို့ချဉ်းကပ်မယ်။ သဘောတူညီချက်ယူပြီးမှ ဖွဲ့ပါမယ်လို့ ကျွန်မကိုယ်စားလှယ်တိုင်းကို မတ်လ(၁)ရက်နေ့က ကျွန်မ ပြောပြထားတာရှိပါတယ်။

ဒင်းအပြင် ကျွန်မတို့မွန်ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေအပိုဒ် ၃၀၊ အပိုဒ် ၃၁ အပိုဒ်ခွဲ(က)၊ အဲဒီမှာဆိုလို့ရှိရင် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးသည် ပြည်နယ်လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန် အစည်းအဝေးသို့ တက်ရောက်လာသောပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များအား စိစစ်ရာသင့်လျော်သောပုဂ္ဂိုလ်များဖြင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီတွေကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်လို့ ပါပါတယ်။ အဲဒီအတိုင်း ကျွန်မဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် မေးသွားတာကတော့ ကျွန်မသဘောတူညီချက်ယူခြင်း ရှိ/မရှိ ဥပဒေအရ ကတော့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် စိစစ်ရေးကော်မတီဖွဲ့စည်း တာဝန် ပေးအပ်ရမည်ဟုပါထားတယ်။ (၁. ၃. ၂၀၁၆)ရက်နေ့က ကျွန်မအစည်းအဝေး ခေါ်ပြီးမှ တင်ပြထားတာရှိပါတယ်။

ဒါကြောင့် ကျွန်မဒီကနေ့ စိစစ်ရေးကော်မတီဖွဲ့ပါတယ်။ စိစစ်ရေး ကော်မတီကို အတည်မပြုခင်မှာလည်း မနေ့ကလည်း ကျွန်မကြေညာထား ပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာကော်မတီမှာပါဝင်တဲ့ပုဂ္ဂိုလ်များ သဘောတူညီချက်ရှိပြီးသားလို့ ကျွန်မမှတ်ယူပါတယ်။

**အခမ်းအနားမှူး။** ဆွေးနွေးလိုသော ကိုယ်စားလှယ်များရှိပါ သလားခင်ဗျား။ (၃ကြိမ်မေးမြန်းပါသည်။)

**ဦးဝဏ္ဏကျော်(ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ လေးလေးစားစားနဲ့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဝဏ္ဏကျော်ဖြစ်ပါတယ်။

ယနေ့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှာ တာဝန်ပေးအပ်မည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရဲ့အမည်စာရင်းကို ကြည့်တဲ့အခါမှာ မော်လမြိုင်ခရိုင်မှ ကိုယ်စားပြုပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အများစုပါဝင်နေတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့မွန်ပြည်နယ်က မြို့နယ်(၁၀)မြို့နယ်နဲ့ ခရိုင်(၂)ခုပေါင်းစပ်ထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့ သထုံခရိုင်ကိုကိုယ်စားပြုမယ့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကို သင့်လျော်သလိုထည့်သွင်းဖို့လိုအပ်မယ်လို့ အကြံပြုတင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ။** ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးဝဏ္ဏကျော်တင်ပြချက်နှင့်ပတ်သက်၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဝင်ကတော့ အခါအားလျော်စွာ ကျွန်မတို့ လူဦးရေတိုးနိုင်တယ်။ လျှော့နိုင်တယ်။ အခုလိုမျိုး သထုံခရိုင်ကပါချင်တယ်ဆိုတဲ့အတွက်ကြောင့် ကျွန်မတို့လက်ခံပြီးဆွေးနွေးပါမယ်။

# ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီတွင်တာဝန်ပေးမည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်းကို ပြည်နယ် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဖွဲ့စည်းကြောင်း ကြေညာခြင်း

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတွင် တာဝန်ပေးမည့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းကို ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဖွဲ့စည်းကြောင်းကြေညာခြင်း ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ အပိုဒ် ၃၁၊ အပိုဒ်ခွဲ(ဂ)အရ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီ ဖွဲ့စည်းကြောင်းကြေညာပေးပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှာ-

(က) ဦးချစ်တင်၊ ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)အား ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊

(ခ) ဦးထွန်းဌွေး၊ သံဖြူဇရပ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)အား အတွင်းရေးမှူးအဖြစ်လည်းကောင်း၊

(ဂ) ဒေါ်ကြည်ကြည်မြ၊ ချောင်းဆုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)အား အဖွဲ့ဝင်အဖြစ်လည်းကောင်း၊

(ဃ) ဒေါ်မြသီတာမော်၊ မုဒုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)အား အဖွဲ့ဝင် အဖြစ် လည်းကောင်း၊

(င) ဗိုလ်မှူးဇော်လင်းအောင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အားအဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ပေးအပ်သွားမည် ဖြစ်ပါတယ်။

အထက်ပါပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီတွင် တာဝန်ပေးမည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၄)ဦးနှင့်တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်(၁)ဦးတို့နှင့်ပတ်သက်၍ တက်ရောက်လာကြသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား တင်ပြဆွေးနွေးရန် (၃)ကြိမ် ဖိတ်ခေါ်ခဲ့သော်လည်း ဆွေးနွေးရန်မရှိကြသဖြင့်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီတွင်ပါဝင်သည့် အဖွဲ့ဝင် (၅)ဦး၊ အဖွဲ့ဝင် (၃)ဦး၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ (၁)ဦးနှင့် အတွင်းရေးမှူး (၁)ဦး တို့၏ အမည်စာရင်းတင်ပြလာခြင်းအား ပြည်နယ်လွှတ်တော်မှ သဘောတူ ဆုံးဖြတ်ကြောင်းနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၁၊ ပုဒ်မခွဲ (ဂ)အရ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီအား (၅)ဦးဖြင့် ဖွဲ့စည်းကြောင်း ကြေညာအပ်ပါတယ်ရှင်။

## မွန်ပြည်နယ်ဝန်ကြီးချုပ်အဖြစ်ခန့်အပ်တာဝန်ပေးနိုင်ရန်နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူကပေးပို့ထားသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမည်စာရင်းအပေါ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှဆွေးနွေးရန်ရှိပါကဆွေးနွေးခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ မွန်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက် ခံထားရသူကပေးပို့ထားသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမည်

စာရင်းအပေါ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးရန်ရှိပါက ဆွေးနွေးခြင်းဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌတင်ပြသွားသော ပြည်နယ်ဝန်ကြီးချုပ်အမည်စာရင်းနှင့်ပတ်သက်၍ ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေအပိုဒ်၅၁၊ အပိုဒ်ခွဲ(ခ)ပါ ကန့်ကွက်လိုသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁၊ ပုဒ်မခွဲ(က)ပါ သတ်မှတ်ထားသောအရည်အချင်းနှင့် မပြည့်စုံကြောင်းကို ခိုင်လုံသည့်သက်သေအထောက်အထားများနှင့် ပူးတွဲတင်ပြရမည်ဟု ပါရှိပါတယ်။ အကယ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁၊ ပုဒ်မခွဲ(ဃ)တွင် ပြည်နယ်လွှတ်တော်သည်နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူက အမည်စာရင်းတင်သွင်းသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အား ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရဟု ပါရှိပါတယ်။

တက်ရောက်လာကြတဲ့ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတင်ပြဆွေးနွေးသွားတဲ့ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန်အတွက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူကပေးပို့ထားသည့် ဘီးလင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမင်းမင်းဦး၏အမည်စာရင်းနှင့်ပတ်သက်၍ ကိုယ်စားလှယ်များမှ တင်ပြဆွေးနွေးပေးကြပါရန် ပန်ကြားအပ်ပါတယ်။

တင်ပြဆွေးနွေးမည့်သူများ ရှိပါသလားခင်ဗျား။ (၃ကြိမ်မေးမြန်းပါသည်။)

## မွန်ပြည်နယ်ဝန်ကြီးချုပ်အဖြစ်ခန့်အပ်တာဝန်ပေးနိုင်ရန်နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူကပေးပို့ထားသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမည်စာရင်းကိုပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ မွန်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူကပေးပို့ထားသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကို ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌခင်ဗျား၊ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန်အတွက် နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ် တင်မြှောက်ခံထားရသူကပေးပို့ထားသည့် မွန်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၏ အမည်စာရင်းနှင့်ပတ်သက်၍ ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ အပိုဒ် ၅၂ အရ ပြည်နယ်လွှတ်တော်၏ သဘောတူညီကြောင်း ဆုံးဖြတ်ချက်အား ကြေညာပေးပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ်အဖြစ်ခန့်အပ်တာဝန်ပေးအပ်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့ထားသည့် ဘီးလင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမင်းမင်းဦး၏အမည်စာရင်းနှင့်ပတ်သက်၍ ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေအပိုဒ် ၅၁၊ အပိုဒ်ခွဲ(ခ)အရ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များမှတင်ပြဆွေးနွေးနိုင်ကြောင်း (၃)ကြိမ်ဖိတ်ခေါ်ခဲ့ရာမှာ တင်ပြဆွေးနွေးရန်မရှိကြတဲ့အတွက်ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေအပိုဒ် ၅၂အရ ဘီးလင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ

ဦးမင်းမင်းဦးအား ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာအပ်ပါတယ်ရှင်။

## မော်လမြိုင်ကမ်းနားလမ်းအပိုင်း(၆) စီမံကိန်းဆောင်ရွက်ထားရှိမှုအား ပြန်လည်စိစစ်ရန်တိုက်တွန်းကြောင်း အရေးကြီးအဆို

**ဥက္ကဋ္ဌ။** အစီအစဉ်အရ ချောင်းဆုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်နိုင်ဦးမှ အရေးကြီးအဆိုဆွေးနွေးရန် တင်သွင်းထားပါတယ်။ ဒေါက်တာအောင်နိုင်ဦးမှ အရေးကြီးအဆိုကို တင်သွင်းပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာအောင်နိုင်ဦး(ချောင်းဆုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ ကျွန်တော်ကတော့ ချောင်းဆုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးအောင်နိုင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီအစည်းအဝေးမှာ မော်လမြိုင်ကမ်းနားလမ်းအပိုင်း(၆) စီမံကိန်းဆောင်ရွက်ထားရှိမှုအား ပြန်လည်စိစစ်ရန်သင့်ပါကြောင်း တိုက်တွန်းကြောင်းကို အရေးတကြီးအဆိုတစ်ရပ်အနေနဲ့ တင်ပြအပ်ပါသည်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ ပြီးခဲ့တဲ့ ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော်၊ (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေးကျင်းပခဲ့စဉ်က ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ မော်လမြိုင်ကမ်းနားလမ်းအပိုင်း(၆)ဆောင်ရွက်မှုအစီအစဉ်တစ်ရပ်ကို လွှတ်တော်ကို တင်သွင်းအတည်ပြုချက်ရယူခဲ့ပါတယ်။ ဒီဆောင်ရွက်မှု

အစီအစဉ်ပါ အကြောင်းအရာကိစ္စနဲ့ပတ်သက်ပြီး ပြည်နယ်လွှတ်တော် အစည်းအဝေးမှတ်တမ်းမှာရှိသလို အခုအချိန်ရသလောက် ကျွန်တော့်အနေနဲ့ တင်ပြရမည်ဆိုရင်-

- ၂၀၁၀ခုနှစ်မတိုင်ခင် မွန်ပြည်နယ်အေးချမ်းသာယာရေးဖွံ့ဖြိုးရေး ကောင်စီလက်ထက်ကပင် စီစဉ်ဆောင်ရွက်မှုများရှိခဲ့ပြီး အကြောင်းကြောင်းကြောင့် ရပ်ဆိုင်းခဲ့ရပါကြောင်း၊ ၂၀၁၀ခုနှစ် နောက်ပိုင်းမွန်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့လည်း အဆိုပါ ကမ်းနားလမ်းအပိုင်း(၆)ကို ဆက်လက်စနစ်တကျဆောင်ရွက် နိုင်ရေးအတွက် ပြန်လည်စိစစ်ခဲ့ပါကြောင်း၊
- ကွင်းဆင်းလေ့လာချက်များအရ ပေအရှည် (၄၆၅၀)ပေဖြစ်ပြီး၊ ကျူးကျော်နေအိမ်များမှ လူဦးရေအားဖြင့် (၁၁၀)ဦးနေထိုင်လျက် ရှိပါကြောင်း၊
- အဆိုပါ မြေလွတ်ဧရိယာအဖြစ် ရေအကျဆုံးအချိန်မှာ ရေစပ်က ပုဂ္ဂလိက ပိုင်ဆိုင်မှုရှိသည့်နေရာအထိတိုင်းတာတွက်ချက်မှုအရ (ဘိုကုန်းရပ်ကွက်မှာ ၆ဧက၊ မောင်ငံရပ်ကွက်မှာ ၁၀ဧကနဲ့ ကွင်းရပ် ရပ်ကွက်မှာ ၅ဧက) စုစုပေါင်းမြေလွတ်(၂၁)ဧက ရှိလာမည် ဖြစ်ကြောင်းတင်ပြခဲ့ပါတယ်၊
- ပြည်နယ်အစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုနဲ့သက်ဆိုင်ရာစည်ပင်၊ အထောက်အကူပြုကော်မတီများနဲ့ ရပ်မိရပ်ဖများနဲ့ အောက်ခြေမှာ ညှိနှိုင်းဆွေးနွေးမှုအရ ကျူးကျော်သူများလည်း ထိခိုက်နစ်နာမှု မရှိစေရေးအတွက် ဆောင်ရွက်သွားရေးအတွက် သဘော တူညီချက်များ ရရှိခဲ့ပါတယ်၊
- ဒီလိုဆွေးနွေးသဘောတူညီချက်အရ ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်စည်ပင်သာယာရေးကော်မတီအား တင်ဒါခေါ် ဆောင်ရွက်

သွားရန်လမ်းညွှန်ခဲ့ပါတယ်၊ စည်ပင်သာယာရေးကော်မတီအနေနဲ့ တင်ဒါခေါ်ယူခဲ့ရာ စုန်ရေကုမ္ပဏီအား (၁၁. ၂. ၂၀၁၅) ရက်နေ့မှာ အပြီးသတ်ရွေးချယ်အတည်ပြုခဲ့ပါတယ်။ဒီနေရာမှာ ကျွန်တော်သိရသလောက်က တင်ဒါခေါ်တာ ကုမ္ပဏီ(၅)ခုလောက်ရှိပါတယ်။ အခုဒီ(၅)ခုထဲက စုန်ရေကုမ္ပဏီကို အတည်ပြုရွေးချယ်ခဲ့ပါတယ်။

- မော်လမြိုင်ကမ်းနားလမ်းအပိုင်း(၆)စီမံကိန်းအား စုန်ရေကုမ္ပဏီမှ ကုမ္ပဏီစရိတ်နဲ့ ကျပ်သိန်းပေါင်း(၆၃၅၄၇)သိန်းနဲ့ ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ အဲဒီအပြင် ပြည်နယ်စည်ပင်သာယာရေးကော်မတီသို့ ရန်ပုံငွေကျပ်သိန်း(၂၅၀၀၀)နဲ့ မြေ(၁. ၅)ဧကကို ထည့်ဝင်ပေးသွားမည်ဖြစ်ပြီး ကျူးကျော်နေအိမ်များကိုလည်း မနစ်နာအောင်ဆောင်ရွက်ပေးသွားမည်ကို ညှိနှိုင်းထားရှိကြောင်း၊ စသည်ဖြင့် ပြည်နယ်လွှတ်တော်၏အတည်ပြုချက်ကို ရယူရန် တင်ပြခဲ့ပါတယ်။

ကျွန်တော်တို့လွှတ်တော်ကလည်း ကျွန်တော်တို့အပါအဝင် ကိုယ်စားလှယ်(၂)ဦး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၂)ဦးမှ ပြန်လည်ဆွေးနွေးခဲ့ပြီး ပြည်နယ်လွှတ်တော်မှ အတည်ပြုပေးခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော်ဆိုလိုတာက ဒီနေရာမှာ အဲဒီစီမံကိန်းအပိုင်းကို ကုမ္ပဏီကသူရဲ့ငွေကြေးများနဲ့ ကုန်ကျခံပြီးတည်ဆောက်မယ်။ ပြီးတဲ့အပြင်ကို အခုပိုလာတဲ့ မြေတွေကို သူ့အနေနဲ့ခံစားခွင့်ရပြီးတော့ ကျပ်သိန်းပေါင်း(၂၅၀၀၀)ကိုမွန်ပြည်နယ်စည်ပင်သာယာရေးကော်မတီကိုပေးမယ်။ ပြီးရင်(၁. ၅)ဧကကိုလည်း စည်ပင်သာယာရေးကော်မတီကို ပေးမယ်ဆိုတဲ့ ဒီလိုမျိုးသဘောတူညီချက်ကို လွှတ်တော်ကိုတင်ပြပြီး အတည်ပြုချက်ရယူခဲ့ပါတယ်။ အဲဒီအတည်ပြုချက်၊ လွှတ်တော်ရဲ့အတည်ပြုချက်နဲ့ မွန်ပြည်နယ်အစိုးရအဖွဲ့က အကောင်အထည်ဖော်

ခဲ့ပါတယ်။ ပြီးခဲ့တဲ့မတ်လအတွင်းမှာ လုပ်ငန်းပြီးစီးခဲ့ပြီးတော့ မူလလွှတ်တော်ကို တင်ပြခဲ့တဲ့ သဘောတူညီမှုအတိုင်း မဟုတ်ဘဲနဲ့ကွဲလွဲမှုတွေ ကျွန်တော်လေ့လာတွေ့ရှိခဲ့ပါတယ်။

ထိုသို့ ပြည်နယ်အစိုးရအဖွဲ့မှ လွှတ်တော်ရဲ့အတည်ပြုချက်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသော်လည်း ယခုမတ်လအတွင်း လုပ်ငန်းပြီးခဲ့ရာ၊ မူလလွှတ်တော်သို့တင်ပြထားသော သဘောတူချက်အတိုင်းမဟုတ်ဘဲ၊ **"စုန်ရေကုမ္ပဏီမှ စည်ပင်သို့ပေးသွင်းရန် ကျွန်တော်တို့လွှတ်တော်ကို တင်ပြထားတာ ငွေကျပ်သိန်းပေါင်း (၂၅၀၀၀)အစား ကျပ်သိန်း (၁၅၀၀၀)ကိုသာလည်းကောင်း၊ မြေဧရိယာ (၁. ၅)ဧကအစား မြေ (၀. ၇၅)ဧကကိုသာလည်းကောင်း၊ လျှော့ပေါ့ပေးသွင်းခဲ့ပါတယ်။ "**

အဆိုပါ စုန်ရေကုမ္ပဏီမှ လျှော့နည်းပေးသွင်းရန် တင်ပြတောင်းဆိုမှုနဲ့ ပတ်သက်ပြီး ပြည်နယ်အစိုးရအဖွဲ့က(၁၇. ၃. ၂၀၁၆) ညှိနှိုင်းအစည်းအဝေးမှ ကန့်ကွက်ရန်မရှိကြောင်းနှင့် လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ခြင်းအား သိရှိနိုင်ပါရန် ပြည်နယ်လွှတ်တော်ရုံးသို့ (၂၅. ၃. ၂၀၁၆) အကြောင်းကြားစာ ပေးအပ်ခဲ့ပါတယ်။ ဒါလည်းဥက္ကဋ္ဌကြီးဆီမှာ ရှိပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ဒီဖြစ်စဉ်တစ်ရပ်လုံးကို ခြုံငုံသုံးသပ်ရမည်ဆိုပါရင် ယခုမော်လမြိုင်ကမ်းနားလမ်းအပိုင်း(၆)စီမံကိန်းဟာ မော်လမြိုင်မြို့အတွက် အင်မတန်အလွန်ကောင်းမွန်တဲ့ စီမံကိန်းဖြစ်တာ အစိုးရအဖွဲ့က ဆောင်ရွက်ချက်ကိုလည်း ကျွန်တော့်အနေနဲ့ အင်မတန်မှ လေးစားဂုဏ်ယူမိပါတယ်။ သို့ပါသော်လည်း မွန်ပြည်နယ်လွှတ်တော်ကိုလာပြီးတော့ အတည်ပြုချက်ရယူစဉ်တုန်းက တင်ပြခဲ့တဲ့ အချက်အလက်တွေနဲ့ လက်တွေ့အစိုးရအဖွဲ့နှင့်ဆောက်လုပ်ရေး ကုမ္ပဏီအကြား ဆောင်ရွက်မှုများ ကိုက်ညီမှုမရှိသည်ကို အားလုံးသတိထားမိပါတယ်။ မူလ

သဘောတူညီချက်အတိုင်း ပြည်နယ်လွှတ်တော်ကို တင်ပြခဲ့ပြီး ပြည်နယ်လွှတ်တော်ကအတည်ပြုခဲ့သည့်အတိုင်း လက်တွေ့ဆောင်ရွက်ခဲ့ရာမှာ ကိုက်ညီခြင်းမရှိခဲ့သည့်အပေါ် ကျွန်တော်တို့ပြည်နယ်လွှတ်တော်အနေနဲ့ သဘောထားရပ်တည်မှုတစ်ခုခု ဆုံးဖြတ်သင့်ကြောင်း ကျွန်တော့်အနေနဲ့ အလေးအနက် တင်ပြအပ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အပိုဒ် (၂၅၈)အရ **“တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် သက်ဆိုင်ရာတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်မှ အခါအားလျော်စွာချမှတ်သည့် အုပ်ချုပ်ရေးဆိုင်ရာဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ မိမိ၏အရေးယူဆောင်ရွက်မှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်သို့ ပြန်လည်တင်ပြရမည်။”**ဟု ပြဋ္ဌာန်းထားပါတယ်။ တစ်နည်းအားဖြင့် မွန်ပြည်နယ်လွှတ်တော်ကို မွန်ပြည်နယ်အစိုးရအနေနဲ့ တာဝန်ခံမှုအပြည့်နဲ့ ဆောင်ရွက်ရမယ်လို့ နားလည်သဘောပေါက်ပါတယ်။

ယခုဖြစ်စဉ်မှာ မူလလွှတ်တော်ရဲ့ အတည်ပြုဆုံးဖြတ်ချက်နှင့် ကိုက်ညီမှုမရှိတဲ့ဆောင်ရွက်ချက်အပေါ် ပြည်နယ်လွှတ်တော်ရုံးကို သိရှိယုံမျှသာ အကြောင်းကြားစာပေးပို့ခဲ့ရုံနဲ့ ကျွန်တော်တို့တစ်ခုခုကိုတော့ စဉ်းစားဆုံးဖြတ်သင့်ပါတယ်။

အစိုးရအဖွဲ့က ကုမ္ပဏီပေးသွင်းငွေအပေါ် ဖြေလျှော့ပေးခဲ့တဲ့အကြောင်းရင်းများမှာ-

- တကယ်ပဲ မူလကလျာထားသည့်အတိုင်း မြေ(၂၁) ဧကကို ကုမ္ပဏီက မရဘဲနဲ့ လျော့နည်းပြီးရခဲ့တယ်ဆိုတာ ဟုတ်မှန်ခြင်းရှိ/မရှိ၊ မှန်/ မမှန်၊

- ပေါ်ထွန်းလာခဲ့တဲ့ အဆိုပါမြေဧရိယာတွေဟာ ကာလပေါက်ဈေးများနဲ့ ကုမ္ပဏီရဲ့အကျိုးခံစားခွင့် ထိုက်တန်မှု ရှိ/ မရှိ စတာတွေကို ကျွန်တော်တို့ စဉ်းစားသုံးသပ်ပြီး ပြည်နယ်လွှတ်တော်ရဲ့ သဘောထားဆုံးဖြတ်ချက်ချမှတ်ပေးဖို့သင့်ပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။

ဒါကြောင့်မို့ မွန်ပြည်နယ်လွှတ်တော်အနေနဲ့ မူလလွှတ်တော်က အတည်ပြုဆုံးဖြတ်ချက်နဲ့ ကိုက်ညီခြင်းမရှိတဲ့ မော်လမြိုင်ကမ်းနားလမ်းအပိုင်း(၆) စီမံကိန်းကိစ္စအား ပြည်နယ်လွှတ်တော်အနေနဲ့ ပြန်လည်စိစစ်ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒီနေရာမှာအလွတ်သဘောအနည်းငယ် ဆွေးနွေးလိုတာက ဒီအဆိုကို ကျွန်တော်ဥက္ကဋ္ဌကြီးကို တင်ပြပြီးတော့ ဒီလွှတ်တော်အစည်းအဝေးမှာ တင်သွင်းခွင့်ရတာ ကျွန်တော်ဥက္ကဋ္ဌကြီးကို အထူးကျေးဇူးတင်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒီကိစ္စရပ်သည် တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုခု ထိခိုက်နစ်နာစေလိုတဲ့ စိတ်ဆန္ဒလုံးဝ ကျွန်တော့်မှာမရှိပါဘူး။ သို့ပါသော်လည်း ကျွန်တော်တို့လွှတ်တော်ရဲ့ သဘောသဘာဝ၊ ဒီမိုကရေစီရဲ့ ကျင့်စဉ်အနေအထားအရ ဘယ်အစိုးရဘဲတက်တက်၊ ဘယ်အဖွဲ့အစည်းဘဲအုပ်ချုပ်ရေးပိုင်းဆိုင်ရာဖြစ်လာဖြစ်လာ လွှတ်တော်ကိုတင်ပြ၊ သဘောတူညီချက်နဲ့ ဆောင်ရွက်တဲ့ကိစ္စရပ်မျိုးဟာ အမြဲတမ်းလွှတ်တော်ကို တာဝန်ခံဖို့တော့ အင်မတန်အရေးကြီးပါတယ်။ အကယ်၍များ အပြောင်းအလဲ၊ အကြောင်းကြောင်းကြောင့် အပြောင်းအလဲဖြစ်ခဲ့မယ်ဆိုရင်လည်းလွှတ်တော်ကိုလာပြီးတော့ တင်ပြသဘောတူညီချက်ရယူဖို့ အင်မတန်အရေးကြီးပါတယ်။

ဒါသည်ဒီမိုကရေစီရဲ့ Procedure ဖြစ်ပါတယ်။ ဒါမှမဟုတ်ဘဲနဲ့ လွှတ်တော်ကအတည်ပြုသွားတဲ့ဟာကို တကယ့်လက်တွေ့ဆောင်ရွက်တဲ့

နေရာမှာကွဲလွဲခဲ့ရင် ကျွန်တော်တို့သွားနေတဲ့ ဒီမိုကရေစီဟာစည်းကမ်း ပြည့်ဝတဲ့ ဒီမိုကရေစီမဟုတ်ဘဲနဲ့ ဗရမ်းပတာဒီမိုကရေစီဖြစ်သွားနိုင်ပါတယ်။ ကျွန်တော့်အနေနဲ့ဒါကို တစ်ထစ်ချ ဒီအတိုင်းလုပ်ရမယ်လို့ ကျွန်တော်မဆို လိုပါဘူး။ တကယ်ဘဲ ကုမ္ပဏီဘက်က သတ်မှတ်ထားတဲ့အတိုင်းမရဘူး ဆိုရင်လည်း ကျွန်တော်တို့ဒီလွှတ်တော်က တစ်ခုခုလိုက်လျော့မှာလား။ ဒါမှမဟုတ်ရင် ဒီအတိုင်းကို အတည်ပြုမလားဆိုတာ ကျွန်တော်တို့ ဆုံးဖြတ် ဖို့လိုပါတယ်။

ကျွန်တော့်အနေနဲ့ဒီနေရာမှာတင်ပြချင်တာက အစိုးရဘက်ကလည်း နောင်အခါများမှာ ဒီလိုမျိုးအပြောင်းအလဲဖြစ်တိုင်းဒီလွှတ်တော်ကို လာပြီးတော့တင်ပြဖို့လိုတယ်လို့ ကျွန်တော့်အနေနဲ့ ရိုးရိုးသားသားတင်ပြ ပါတယ်။ အဲဒီတော့ဒီကိစ္စကိုလည်း ပြည်နယ်လွှတ်တော်အနေနဲ့ ပြန်လည် စိစစ်ဖို့ အဆိုပြုတိုက်တွန်းလိုပါတယ်။ ဥက္ကဋ္ဌကြီးရဲ့လမ်းညွှန်ချက်နဲ့ ကျွန်တော့်အနေနဲ့ ဒီလောက်တင်ပြဆွေးနွေးခွင့်ရတဲ့အတွက် အားလုံးကို ကျေးဇူးတင် ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး ကိုလည်း ကျွန်တော်ရဲ့ဒီဆွေးနွေးချက်ကို လူထုအားလုံးအကျိုးရှိမယ့် ကိစ္စဖြစ်တာကိုလည်း အလေးအနက်စဉ်းစားပြီးတော့ ပါဝင်ဆွေးနွေးပေးကြ ပါလို့ ကျွန်တော့်အနေနဲ့ ဖိတ်ခေါ်လိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ချောင်းဆုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဒေါက်တာအောင်နိုင်ဦးမှ ယခုတင်သွင်းသော အရေးကြီး အဆိုသည် မွန်ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေအပိုဒ် ၁၂၅၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ်(၂)အရ လွှတ်တော်၏ဆုံးဖြတ်ချက်ကို ရယူရန်

လိုအပ်သည့်ကိစ္စဖြစ်လို့ လွှတ်တော်သို့တင်ပြပါတယ်။ ဒီအဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးရန်ရှိသလားရှင်။

**ဦးဇော်ဇော်ထူး(ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ ကျွန်တော်ကတော့ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးဇော်ဇော်ထူးဖြစ်ပါတယ်။

ဒီနေ့ချောင်းဆုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးအောင်နိုင်ဦးတင်သွင်းသွားတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား၊ ဒီမိုကရေစီစနစ်မှာတာဝန်ခံမှု၊ တာဝန်ယူမှုဆိုတာအလွန်အရေးကြီးပါတယ်။ သက်ဆိုင်ရာလွှတ်တော်ကို သက်ဆိုင်ရာ အစိုးရအဖွဲ့ကတာဝန်ခံရမယ်ဆိုတာ အားလုံးနားလည်သဘောပေါက်ထားပြီးသားဖြစ်ပါတယ်။ အဲဒီအပြင် တာဝန်ခံတဲ့အဖွဲ့အစည်းများရဲ့ လုပ်ငန်းဆောင်ရွက်မှုကို မှန်ကန်တည့်မတ်ထိန်းကျောင်းပေးရမှာ သက်ဆိုင်ရာလွှတ်တော်ရဲ့တာဝန်သာဖြစ်ပါတယ်။ အဆိုရှင်ရဲ့ တင်ပြချက်များအရ ယခုဖြစ်စဉ်မှာ သက်ဆိုင်ရာအစိုးရအဖွဲ့များနဲ့ ဆောက်လုပ်ရေးကုမ္ပဏီများရဲ့ လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်များကို လွှတ်တော်ရဲ့အတည်ပြုချက်နဲ့ ဆောင်ရွက်ခဲ့တာဖြစ်ပြီး ပြည်နယ်လွှတ်တော်ကအတည်ပြုထားသည့်အတိုင်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လည်း တာဝန်ရှိပါတယ်။

သို့ပါသော်လည်း အကြောင်းကြောင်းကြောင့် တင်ပြထားသည့်အတိုင်း လုပ်ငန်းအခက်အခဲများရှိလာပါက ဒါမှမဟုတ်လျာထားချက်အတိုင်း

ဖြစ်ပေါ်လာနိုင်စွမ်းမရှိပါက လွှတ်တော်သို့ အကျိုးအကြောင်းဆီလျော်စွာနဲ့ ပြန်လည်တင်ပြအတည်ပြုချက် ရယူဆောင်ရွက်သင့်ပါတယ်။

ဒီလိုမဟုတ်ဘဲ ဆောင်ရွက်မည်ဆိုပါလျှင် လွှတ်တော်အားတာဝန်ခံယူမှုမရှိသလို လွှတ်တော်ကပေးထားတဲ့ကတိကဝတ်ကို လိုက်နာဆောင်ရွက်ရန် တာဝန်ရှိပါတယ်။ လွှတ်တော်ကိုပေးထားသော ကတိကဝတ်ကိုဖောက်ဖျက်ရာရောက်သလို လွှတ်တော်ကို မလေးစားရာလည်း ရောက်ပါတယ်။ ပြန်လည်စိစစ်ရေးအဖွဲ့အစည်းများတွင်လည်း မည်သူများက စစ်ဆေးဆောင်ရွက်မှုကို ဖော်ပြထားခြင်းမရှိသောကြောင့် လွှတ်တော်ကို မထီမဲ့မြင်ပြုခြင်းလည်း ဖြစ်နိုင်သလို အလေးမထားမှုကိုလည်း တွေ့ရှိရပါတယ်။ ဒီတော့ကာ ဦးအောင်နိုင်ဦးတင်ပြခဲ့တဲ့ အဆိုပါမော်လမြိုင်ကမ်းနားလမ်းအပိုင်း(၆) စီမံကိန်းလုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဆုံးဖြတ်ဆောင်ရွက်ထားရှိမှုတို့ကို ပြန်လည်စိစစ်သင့်ပါကြောင်း လေးလေးနက်နက်ထောက်ခံဆွေးနွေးအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးရန်ရှိပါသေးသလားရှင်။

**ဦးမင်းထင်အောင်ဟန်(မော်လမြိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ ကျွန်တော်ကတော့ မော်လမြိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းထင်အောင်ဟန် ဖြစ်ပါတယ်။

ကျွန်တော်က ဒီကမ်းနားလမ်းအပိုင်း(၆)စီမံကိန်းနှင့်ပတ်သက်ပြီးတော့ နည်းနည်းလေးတင်ပြလိုပါတယ်။ကျွန်တော်တို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်

ရုံးမှာလည်း ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ မကျေနပ်တဲ့တိုင်စာတွေ ရောက်ထားတာရှိပါတယ်။ ကျွန်တော်တို့ကို ပါတီကလည်း တင်ပြပါတယ်။နောက်ပြီးတော့ အရင်လွှတ်တော်တုန်းက အတည်ပြုထားတဲ့အတိုင်းကို အခုဒီမှာ အပြောင်းအလဲတွေမှာဖြစ်တဲ့အတွက်ကြောင့် နောက်လွှတ်တော်ကလည်း ဒီတာတွေကို သေချာစိစစ်ပြီးတော့ သူမနာကိုယ်မနာမဖြစ်ရအောင် သေသေချာချာ ကော်မတီတွေဖွဲ့ပြီး စိစစ်ပြီးတော့မှ ဆောင်ရွက်ဖို့လိုပါတယ်။ ဦးအောင်နိုင်ဦး ပြောသလို အကုန်လုံးကိုသေသေချာချာပြန်လည်စိစစ်ပြီးတော့ကော်မတီတွေ ဖွဲ့ပြီးတော့ ပြန်လည်စိစစ်သင့်ပါတယ်လို့ ထောက်ခံဆွေးနွေးအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဒီအဆိုတင်သွင်းချက်ကို သဘောတူပါသလားရှင်ဟု (၃)ကြိမ်မေးမြန်းခဲ့ရာပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှ သဘောတူကြောင်းဖြေကြားခဲ့ပါသည်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောတူညီချက် အရ ချောင်းဆုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအောင်နိုင်ဦးမှ ယခုတင်သွင်းလာသောအရေးကြီး အဆိုကို ပြည်နယ်အစိုးရအဖွဲ့သို့ အကြောင်းကြားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ဒီဆုံးဖြတ်ချက်အား ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင် ပါတယ်ရှင်။

# ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(တတိယနေ့) အစည်းအဝေးရပ်နားကြောင်းနှင့် (စတုတ္ထနေ့)အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကြေညာခြင်း

**အခမ်းအနားမှူး။** အစီအစဉ်(၉)အရ ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (တတိယနေ့)အစည်းအဝေး ရပ်နားကြောင်းနှင့် (စတုတ္ထနေ့)အစည်းအဝေးဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကြေညာခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** တက်ရောက်လာကြသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (တတိယနေ့)ရပ်နားကြောင်းနှင့် ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို (၃၀-၃-၂၀၁၆)ရက်နေ့၊ နံနက် (၁၀း၀၀)နာရီအချိန်တွင် ကျင်းပသွားမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်များအားလုံးမတ်တပ်ရပ်ပေးကြပါရန် ပန်ကြားအပ်ပါတယ်။ အားလုံးပဲထွက်ခွာနိုင်ပါပြီ။

(ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (တတိယနေ့)ကို ၁၀း၃၀နာရီအချိန်တွင် ရပ်နားပါသည်။)

# ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်
# ပထမပုံမှန် အစည်းအဝေး(စတုတ္ထနေ့)မှတ်တမ်း
# ၁၃၇၇ ခုနှစ်၊ တပေါင်းလဆုတ် ၈ ရက်
# ( ၂၀၁၆ ခုနှစ်၊ မတ်လ ၃၁ ရက် )
# (ကြာသပတေးနေ့)

မွန်ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(စတုတ္ထနေ့)ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

**အချိန်။ ၁၀း၀၀။**

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ယခုအချိန်ကစပြီး ဒုတိယအကြိမ်မွန်ပြည်နယ် လွှတ်တော်ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို စတင်မှာဖြစ်ပါတယ်။ အစည်းအဝေးအစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံသို့ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အစီအစဉ်အတိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးကတော့ ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(စတုတ္ထနေ့)ဖြစ်ပြီး အစည်းအဝေးမှာအခမ်းအနားမှူးအဖြစ် ကျွန်တော် မွန်ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ (မွန်ပြည်နယ်လွှတ်တော်ရုံး) ညွှန်ကြားရေးမှူး

ဦးနေမျိုးအောင်က ဆောင်ရွက်သွားမှာဖြစ်ပြီး တွဲဘက်အခမ်းအနားမှူးအဖြစ် မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ (မွန်ပြည်နယ်လွှတ်တော်ရုံး) ဦးစီးအရာရှိ ဦးဇော်မင်းသိန်းတို့က ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အစီအစဉ်အရ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်းဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။ အားလုံးဘဲထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ယနေ့ အစည်းအဝေးသို့ မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လူမျိုးစုလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ စုစုပေါင်း(၃၁)ဦးတက်ရောက်ခွင့်ရှိသည့်အနက် ကိုယ်စားလှယ်(၃၁)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့်ဦးရေစုစုပေါင်းရဲ့(၁၀၀) ရာခိုင်နှုန်းရှိတဲ့အတွက် ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမ ပုံမှန်အစည်းအဝေး(စတုတ္ထနေ့)အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာအပ်ပါတယ်ရှင်။အစည်းအဝေးကို ဖြန့်ဝေထားတဲ့အစီအစဉ်အတိုင်း ကျင်းပသွားမှာ ဖြစ်ပါတယ်။

## ခွင့်ပန်ကြားခြင်းနှင့် ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ရှိရင်းကိုယ်စားလှယ် (၃၁) ဦး၊ ခွင့်ပန်သူ (-)ဦး၊ အစည်းအဝေးတက်ရောက်သူ (၃၁)ဦးဖြစ်ကြောင်း ကိုယ်စားလှယ်စိစစ်ရေးကော်မတီမှ တင်ပြလာပါတယ်။

အစည်းအဝေးတက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်အတည်ပြုရန်သဘောတူပါသလားရှင်ဟု (၃)ကြိမ်မေးမြန်းခဲ့ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(စတုတ္ထနေ့)သို့ အစည်းအဝေးတက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်မှမှတ်တမ်း တင်ကြောင်း ကြေညာအပ်ပါတယ်ရှင်။

## မွန်ပြည်နယ်ဝန်ကြီးချုပ်အဖြစ်ရွေးချယ်တင်မြှောက်ခံထားရသောပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှ ပြည်နယ်လွှတ်တော်၏ ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ မွန်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှ ပြည်နယ်လွှတ်တော်၏ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်ဝန်ကြီးချုပ်ခင်ဗျား၊ ဝန်ကြီးချုပ်၏ ကတိသစ္စာပြုခြင်းကို ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေအပိုဒ် ၆၀၊ အပိုဒ်ခွဲ(က)နှင့်အညီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌရဲ့ရှေ့မှောက်မှာ ကတိ

သစ္စာပြုရမှာဖြစ်ပါတယ်။ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ကတိသစ္စာပြုချက်ကို တိုင်ပေးမှာဖြစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုက်ဆိုရမှာဖြစ်ပါတယ်။

ပြည်နယ်ဝန်ကြီးချုပ် ကတိသစ္စာပြုနေချိန်မှာလည်း တက်ရောက်လာကြသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးမှ မတ်တပ်ရပ်ပေးကြရန်ဖြစ်ပါတယ်။

ယခုအချိန်ကစပြီး ပြည်နယ်ဝန်ကြီးချုပ်ကတိသစ္စာပြုနိုင်ရန်အတွက် နေရာယူပေးပါရန်နှင့် တက်ရောက်လာကြသူများအားလုံး မတ်တပ်ရပ်ပေးကြပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ကျွန်ုပ်၏နောက်တွင် မိမိအမည်ကို လိုက်ဆိုရန်ဖြစ်ပါတယ်။

**ဦးမင်းမင်းဦး(ပြည်နယ်ဝန်ကြီးချုပ်)။** ကျွန်ုပ် ဦးမင်းမင်းဦးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝရဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။

ကျွန်ုပ်သည်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်၏ တရားဥပဒေများကို ထိန်းသိမ်းစောင့်ရှောက်ပါမည်။ ကျွန်ုပ်ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ထမ်းဆောင်ရွက်ပါမည်ဟု လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ဆက်လက်ပြီးပြည်နယ်ဝန်ကြီးချုပ်မှ ကတိသစ္စာပြုလွှာကို လက်မှတ်ရေးထိုးပေးဖို့ ဖြစ်ပါတယ်။

(ပြည်နယ်ဝန်ကြီးချုပ်မှ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပါသည်။)

## ဒုတိယအကြိမ်မွန်ပြည်နယ် လွှတ်တော်ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ရပ်နားကြောင်းနှင့်(ပဉ္စမနေ့) အစည်းအဝေး ကျင်းပမည့်နေ့ရက်နှင့် အချိန်ကြေညာခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(စတုတ္ထနေ့)အစည်းအဝေးရပ်နားကြောင်းနှင့်(ပဉ္စမနေ့)အစည်းအဝေး ကျင်းပမည့်နေ့ရက်ကြေညာခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** တက်ရောက်လာကြသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(စတုတ္ထနေ့)ရပ်နားကြောင်းနှင့် ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(ပဉ္စမနေ့)ကို (၄. ၄. ၂၀၁၆)ရက်နေ့ (တနင်္လာနေ့)၊ နံနက်(၁၀း၀၀)နာရီအချိန်တွင် ကျင်းပသွားမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်များအားလုံးမတ်တပ်ရပ်ပေးကြပါရန် ပန်ကြားအပ်ပါတယ်။

အားလုံးပဲထွက်ခွာနိုင်ပါပြီခင်ဗျား။

(ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို ၁၀း၀၅နာရီအချိန်တွင် ရပ်နားပါသည်။)

# ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်
# ပထမပုံမှန် အစည်းအဝေး(ပဉ္စမနေ့)မှတ်တမ်း
# ၁၃၇၇ ခုနှစ်၊ တပေါင်းလဆုတ် ၁၂ ရက်
# ( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၄ ရက် )
# (တနင်္လာနေ့)

မွန်ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(ပဉ္စမနေ့)ကိုနံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

**အချိန်။ ၁၀း၀၀။**

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ယခုအချိန်ကစပြီး ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(ပဉ္စမနေ့)ကို စတင်မှာဖြစ်ပါတယ်။ အစည်းအဝေးအစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံသို့ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အစီအစဉ်အတိုင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးကတော့ ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(ပဉ္စမနေ့)ဖြစ်ပါတယ်။ အစည်းအဝေးမှာအခမ်းအနားမှူးအဖြစ် ကျွန်တော် မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ (မွန်ပြည်နယ်လွှတ်တော်ရုံး) ညွှန်ကြားရေးမှူး

ဦးနေမျိုးအောင်ကဆောင်ရွက်သွားမှာဖြစ်ပြီး တွဲဘက်အခမ်းအနားမှူးအဖြစ် မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ (မွန်ပြည်နယ်လွှတ်တော်ရုံး) ဦးစီးအရာရှိ ဦးဇော်မင်းသိန်းတို့က ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အစီအစဉ်အရ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်းဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။ အားလုံးဘဲထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ယနေ့ အစည်းအဝေးသို့ မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊တိုင်းရင်းသား လူမျိုးစုလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ၊ စုစုပေါင်း(၃၁)ဦးတက်ရောက်ခွင့်ရှိသည့်အနက် ကိုယ်စားလှယ်(၃၁)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့်ဦးရေစုစုပေါင်းရဲ့(၁၀၀) ရာခိုင်နှုန်းရှိတဲ့အတွက်ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမ ပုံမှန်အစည်းအဝေး(ပဉ္စမနေ့)အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာအပ်ပါတယ်ရှင်။အစည်းအဝေးကို ဖြန့်ဝေထားတဲ့အစီအစဉ်အတိုင်း ကျင်းပသွားမှာ ဖြစ်ပါတယ်။

## ခွင့်ပန်ကြားခြင်းနှင့် ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ရှိရင်းကိုယ်စားလှယ် (၃၁) ဦး၊ ခွင့်ပန်သူ (-)ဦး၊ အစည်းအဝေးတက်ရောက်သူ (၃၁)ဦးဖြစ်ကြောင်း ကိုယ်စားလှယ်စိစစ်ရေးကော်မတီမှ တင်ပြလာပါတယ်။

အစည်းအဝေးတက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်အတည်ပြုရန်သဘောတူပါသလားရှင်ဟု (၃)ကြိမ်မေးမြန်းခဲ့ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (ပဥ္စမနေ့) အစည်းအဝေးတက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာအပ်ပါတယ်ရှင်။

## မွန်ပြည်နယ်ဝန်ကြီးဌာနအရေအတွက်သတ်မှတ်နိုင်ရေးအတွက်နိုင်ငံတော်သမ္မတကပေးပို့သော ပြည်နယ်ဝန်ကြီးဌာနအရေအတွက်ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ မွန်ပြည်နယ်ဝန်ကြီးဌာနအရေအတွက် သတ်မှတ်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတကပေးပို့သော ပြည်နယ်ဝန်ကြီးဌာနအရေအတွက်ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌခင်ဗျား၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈ နှင့် ပုဒ်မ ၃၀၈ အရ ပြည်နယ်ဝန်ကြီးဌာနအရေအတွက် သတ်မှတ်နိုင်ရေး အတွက် နိုင်ငံတော်သမ္မတ၏အဆိုပြုချက်နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှတင်ပြပေးပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင့်၊ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေအပိုဒ် ၄၆၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၁)အရ မွန်ပြည်နယ်အတွက် ပြည်နယ်ဝန်ကြီးဌာနအရေအတွက်(၇)ခုကို နိုင်ငံတော်သမ္မတမှ အဆိုပြုထားပါကြောင်း တင်ပြအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးရန်ရှိပါက ဆွေးနွေးခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ မွန်ပြည်နယ်အတွက် ဝန်ကြီးဌာနအရေအတွက်သတ်မှတ်ထားတဲ့ နိုင်ငံတော်သမ္မတရဲ့အဆိုပြုချက်အပေါ်ကိုယ်စားလှယ်များက တင်ပြဆွေးနွေးရန်ရှိပါက ဆွေးနွေးခြင်းဖြစ်ပါတယ်။ အကယ်၍ တင်ပြဆွေးနွေးရန်ရှိပါက ဆွေးနွေးခွင့်နှင့် အချိန်သတ်မှတ်ခြင်း၊ မဲပေးခြင်းကိစ္စရပ်တို့ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ရန်အတွက် ရှင်းလင်းပေးပါမယ်။

ပထမအချက်အနေနဲ့ ဆွေးနွေးခွင့်နှင့်ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်များဟာ လွှတ်တော်အစည်းအဝေးကျင်းပနေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့်သာလျှင် လွှတ်တော်တွင်ဆွေးနွေးခွင့်ရှိပါတယ်။

ဒုတိယအချက်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်(၁)ဦးဟာတစ်ကြိမ်လျှင်အများဆုံးမိနစ်(၂၀)အထိသာ ဆွေးနွေးခွင့်ရှိပါတယ်။သတ်မှတ်ထားသည့်အချိန်ပြည့်သွားပါက ဘဲလ်တီးအချက်ပေးသွားမှာ ဖြစ်ပါတယ်။ သို့သော် လွှတ်တော်ရဲ့လုပ်ငန်း သို့မဟုတ် ဆွေးနွေးဆဲကိစ္စကို အထောက်အကူပြု

စေမည်ဟုယုံကြည်ပါက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဟာ ပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေအပိုဒ် ၃၆၊ အပိုဒ်ခွဲ(ခ)အရ လွှတ်တော်ကိုယ်စားလှယ်ကို အချိန်သတ်မှတ်၍ ဆက်လက်တင်ပြဆွေးနွေးခွင့်ပြုသွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် အခြားတင်ပြဆွေးနွေးရန်ကိုယ်စားလှယ်တစ်ဦးမှမရှိခဲ့ပါက နိုင်ငံတော်သမ္မတရဲ့အဆိုပြုချက်ကို ပြည်နယ်လွှတ်တော်ကသဘောတူညီ ဆုံးဖြတ်ကြောင်း ကြေညာသွားမှာဖြစ်ပါတယ်။

အကယ်၍တင်ပြဆွေးနွေးမည့်သူများရှိလာပါက ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေအပိုဒ် ၃၁၊ အပိုဒ်ခွဲ(ထ)၊ အပိုဒ်ခွဲငယ်(၂)အရ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များမှ မတ်တပ်ရပ်ဆန္ဒပြုသည့် နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။

တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ယခုအချိန်ကစပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတင်ပြသွားသော မွန်ပြည်နယ် အတွက် ဝန်ကြီးဌာနအရေအတွက် သတ်မှတ်ထားသည့် နိုင်ငံတော်သမ္မတရဲ့ အဆိုပြုချက်အပေါ် တင်ပြဆွေးနွေးလိုသောကိုယ်စားလှယ်များရှိပါက ဆွေးနွေးဖို့ ဖိတ်ခေါ်အပ်ပါတယ်ခင်ဗျား။

တင်ပြဆွေးနွေးလိုသောကိုယ်စားလှယ်များရှိပါသလားခင်ဗျား။ (၃ကြိမ်မေးမြန်းပါသည်။)

## ပြည်နယ်လွှတ်တော် အဆုံးအဖြတ်ရယူခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ တင်ပြဆွေးနွေးလိုသော ကိုယ်စားလှယ်များမရှိသည့်အတွက် ပြည်နယ်ဝန်ကြီးဌာနအရေအတွက်ကို ပြည်နယ်လွှတ်တော်၏ သဘောတူညီကြောင်းအဆုံးအဖြတ်အား ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌမှ ကြေညာပေးပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ တင်ပြဆွေးနွေးရန်မရှိသည့်အတွက် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေအပိုဒ် ၄၆၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈၊ ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ်(၁)အရ မွန်ပြည်နယ်အတွက် ပြည်နယ်ဝန်ကြီးဌာနအရေအတွက်(၇)ခုအား ပြည်နယ်လွှတ်တော်က သဘောတူကြောင်းကြေညာအပ်ပါတယ်ရှင်။

## မွန်ပြည်နယ်ဝန်ကြီးဦးရေသတ်မှတ်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတက ပေးပို့သောပြည်နယ်ဝန်ကြီးဦးရေအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ မွန်ပြည်နယ်ဝန်ကြီးဦးရေသတ်မှတ်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတကပေးပို့သော ပြည်နယ်ဝန်ကြီးဦးရေအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်းဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌခင်ဗျား၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈ နှင့် ပုဒ်မ ၃၀၈ အရ ပြည်နယ်ဝန်ကြီးဌာနအရေအတွက်သတ်မှတ်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတ၏အဆိုပြုချက်နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ တင်ပြပေးပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေအပိုဒ် ၄၆၊ ဖွဲ့စည်းပုံ

အခြေခံဥပဒေပုဒ်မ ၂၄၈၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၂)အရ မွန်ပြည်နယ် အတွက် ပြည်နယ်ဝန်ကြီး(၇)ဦးအား နိုင်ငံတော်သမ္မတမှ အဆိုပြုထား ပါကြောင်းတင်ပြအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးရန်ရှိပါကဆွေးနွေးခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များမှ မွန်ပြည်နယ်အတွက် ဝန်ကြီးဌာနအရေအတွက် သတ်မှတ်ထားတဲ့ နိုင်ငံတော်သမ္မတရဲ့ အဆိုပြုချက်အပေါ် ကိုယ်စားလှယ်များက တင်ပြ ဆွေးနွေးရန်ရှိပါက ဆွေးနွေးခြင်းဖြစ်ပါတယ်။ အကယ်၍တင်ပြဆွေးနွေးရန်ရှိပါက ဆွေးနွေးခွင့်နှင့် အချိန်သတ်မှတ်ခြင်း၊ မဲပေးခြင်းကိစ္စရပ်တို့ကို ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ရန်အတွက် ရှင်းလင်းတင်ပြ လိုပါတယ်။

ပထမအချက်အနေနဲ့ ဆွေးနွေးခွင့်နှင့်ပတ်သက်ပြီး လွှတ်တော် ကိုယ်စားလှယ်များဟာ လွှတ်တော်အစည်းအဝေးကျင်းပနေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့်သာလျှင် လွှတ်တော်တွင်ဆွေးနွေးခွင့် ရှိပါတယ်။

ဒုတိယအချက်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်(၁)ဦးဟာတစ်ကြိမ်လျှင် အများဆုံးမိနစ်(၂၀)အထိသာ ဆွေးနွေးခွင့်ရှိပါတယ်။ သတ်မှတ်ထားသည့် အချိန်ပြည့်သွားပါက ဘဲလ်တီးအချက်ပေးသွားမှာဖြစ်ပါတယ်။ သို့သော် လွှတ်တော်ရဲ့လုပ်ငန်း သို့မဟုတ် ဆွေးနွေးဆဲကိစ္စကို အထောက်အကူပြုစေ မည်ဟု ယုံကြည်ပါက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဟာ ပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေအပိုဒ် ၃၆၊ အပိုဒ်ခွဲ(ခ)အရ ယင်းလွှတ်တော်ကိုယ်စားလှယ်ကို အချိန်သတ်မှတ်၍ ဆက်လက်တင်ပြဆွေးနွေးခွင့်ပြုသွားမှာဖြစ်ပါတယ်။

ဒါ့အပြင် အခြားတင်ပြဆွေးနွေးရန် ကိုယ်စားလှယ်တစ်ဦးမှမရှိခဲ့ပါက နိုင်ငံတော်သမ္မတ၏အဆိုပြုချက်ကို ပြည်နယ်လွှတ်တော်ကသဘောတူညီဆုံးဖြတ်ကြောင်း ကြေညာသွားမှာဖြစ်ပါတယ်။

အကယ်၍တင်ပြဆွေးနွေးမည့်သူများရှိလာပါက ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေအပိုဒ်၃၁၊ အပိုဒ်ခွဲ(ထ)၊ အပိုဒ်ခွဲငယ်(၂)အရ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ မတ်တပ်ရပ်ဆန္ဒပြုသည့် နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။

တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ယခုအချိန်ကစပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတင်ပြသွားသော မွန်ပြည်နယ်အတွက် ဝန်ကြီးဌာနအရေအတွက်သတ်မှတ်ထားတဲ့ နိုင်ငံတော်သမ္မတ၏အဆိုပြုချက်အပေါ် တင်ပြဆွေးနွေးလိုသော ကိုယ်စားလှယ်များရှိပါက ဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်အပ်ပါတယ်ခင်ဗျား။

တင်ပြဆွေးနွေးလိုသောကိုယ်စားလှယ်များရှိပါသလားခင်ဗျား။
(၃ကြိမ်မေးမြန်းပါသည်။)

## ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**အခမ်းအနားမှူး။** တင်ပြဆွေးနွေးလိုသော ကိုယ်စားလှယ်မရှိသည့်အတွက် ပြည်နယ်ဝန်ကြီးဦးရေအား ပြည်နယ်လွှတ်တော်၏သဘောတူညီအဆုံးအဖြတ်ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ကြေညာပေးပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှ တင်ပြဆွေးနွေးရန်မရှိသည့်အတွက် ပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေအပိုဒ် ၄၆ ၊ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၂)အရ မွန်ပြည်နယ်အတွက် ပြည်နယ်ဝန်ကြီး (၇)ဦးအား ပြည်နယ်လွှတ်တော်က သဘောတူကြောင်းကြေညာအပ်ပါတယ် ရှင်။

## လုံခြုံရေးနှင့်နယ်စပ်ရေးရာတာဝန်ပေးအပ်ရန်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ ပေးပို့သော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းနှင့် ပြည်နယ်ဝန်ကြီးချုပ်ကပေးပို့သော ဝန်ကြီးဌာနများတွင် ဝန်ကြီးအဖြစ် ခန့်အပ်မည့်လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့တင်ပြခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ လုံခြုံရေးနှင့်နယ်စပ်ရေးရာ တာဝန် ပေးအပ်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှပေးပို့သော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းနှင့် ပြည်နယ်ဝန်ကြီးချုပ်က ပေးပို့သော ဝန်ကြီးဌာနများတွင်ဝန်ကြီးအဖြစ်ခန့်အပ်မည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၏အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌခင်ဗျား၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာတာဝန် ပေးအပ်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှပေးပို့သော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းနှင့် ပြည်နယ်ဝန်ကြီးချုပ်က ပေးပို့သော ဝန်ကြီးဌာနများတွင်ဝန်ကြီးအဖြစ်ခန့်အပ်မည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၏အမည်စာရင်းအား ပြည်နယ်လွှတ်တော်ဆိုင်ရာ

နည်းဥပဒေအပိုဒ် ၅၀၊ အပိုဒ်ခွဲ(က)နှင့်အညီ ပြည်နယ်လွှတ်တော်သို့ တင်ပြပေးပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာတာဝန်ပေးအပ်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှပေးပို့သော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းနှင့်ပြည်နယ်ဝန်ကြီးချုပ်ကပေးပို့သော ဝန်ကြီးဌာနများတွင်ဝန်ကြီးအဖြစ်ခန့်အပ်မည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏အမည်စာရင်းတို့မှာ -

(က) ဗိုလ်မှူးကြီးဝင်းနိုင်ဦး၊ တပ်မတော်သားကိုယ်စားလှယ်၊

(ခ) ဦးမင်းမင်းဦး၊ ဘီးလင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊

(ဂ) ဦးဝဏ္ဏကျော်၊ ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊

(ဃ) ဦးမင်းထင်အောင်ဟန်၊ မော်လမြိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊

(င) ဦးထွန်းဌွေး၊ သံဖြူဇရပ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊

(စ) ဒေါက်တာမင်းကြည်ဝင်း(ခ)နိုင်ကြည်ဝင်း၊ မုဒုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊

(ဆ) ဒေါက်တာထိန်လင်း၊ မော်လမြိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) တို့ဖြစ်ပါတယ်။

## ပြည်နယ်ဝန်ကြီးချုပ်ကပေးပို့သောမွန်ပြည်နယ်အတွက်ပြည်နယ်ဥပဒေချုပ်၏ အမည်စာရင်းနှင့်ပြည်နယ်စာရင်းစစ်ချုပ်၏ အမည်စာရင်းတို့အား ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ပြည်နယ်ဝန်ကြီးချုပ်က ပေးပို့သော မွန်ပြည်နယ်အတွက် ပြည်နယ်ဥပဒေချုပ်၏အမည်စာရင်းနှင့် ပြည်နယ်

စာရင်းစစ်ချုပ်၏အမည်စာရင်းတို့အား ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်းဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌခင်ဗျား၊ ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေအပိုဒ် ၅၂ အရ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ်ခန့်အပ် တာဝန်ပေးအပ်နိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ်က ပေးပို့လာသော အမည်စာရင်းတို့အား ပြည်နယ်လွှတ်တော်သို့ တင်ပြပေးပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေအပိုဒ် ၅၁၊ အပိုဒ်ခွဲ (ဂ) အရ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွက် ပြည်နယ်ဥပဒေချုပ်အဖြစ် အမည်စာရင်းပေးပို့သော ဒေါ်အေးအေးမို့နှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေအပိုဒ် ၅၀၊ အပိုဒ်ခွဲ (ဃ)အရ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွက် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် အမည်စာရင်းပေးပို့သော ဒေါ်သိန်းသိန်းဦးတို့အား ခန့်အပ်တာဝန်ပေးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ရှင်။

## ဝန်ကြီးဌာနများတွင်ဝန်ကြီးအဖြစ်ခန့်အပ်မည့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့၏ ကိုယ်ရေးအချက်အလက်အကျဉ်းအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရဝန်ကြီးဌာနများတွင် ပြည်နယ်ဝန်ကြီးအဖြစ်ခန့်အပ်မည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်

ဥပဒေချုပ်နှင့်ပြည်နယ်စာရင်းစစ်ချုပ်တို့၏ ကိုယ်ရေးအချက်အလက်အကျဉ်းအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေခြင်းဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ပြည်နယ်ဝန်ကြီးဌာနများတွင် ဝန်ကြီးအဖြစ်ခန့်အပ်မည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့၏ ကိုယ်ရေးအချက်အလက်အကျဉ်းအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ဖတ်ရှုလေ့လာနိုင်ရေးအတွက် အထောက်အကူပြုရုံးအဖွဲ့မှ လိုက်လံဝေငှမှာဖြစ်ပါတယ်။ (အထောက်အကူပြုရုံးအဖွဲ့မှ လိုက်လံဝေငှပါသည်။)

## ပြည်နယ်ဝန်ကြီးချုပ်ကပေးပို့သောပြည်နယ်အတွင်းရှိတိုင်းရင်းသားလူမျိုးရေးရာဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏အမည်စာရင်းအား ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ပြည်နယ်ဝန်ကြီးချုပ်ကပေးပို့သော ပြည်နယ်အတွင်းရှိတိုင်းရင်းသားလူမျိုးရေးရာဆောင်ရွက်ရန်အတွက် ရွေးကောက်တင်မြှောက်ထားသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းအား ပြည်နယ်လွှတ်တော်သို့တင်ပြခြင်းဖြစ်ပါတယ်။

ပြည်နယ်ဝန်ကြီးချုပ်ကပေးပို့သော ပြည်နယ်အတွင်းရှိတိုင်းရင်းသားလူမျိုးရေးရာဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏အမည်စာရင်းအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတင်ပြပေးပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ မွန်ပြည်နယ်အတွင်း တိုင်းရင်းသားလူမျိုးရေးရာဆောင်ရွက်ရန် ရွေးကောက်တင်မြှောက် ထားသည့် ရွေးကောက်ပွဲကော်မရှင်မှ အမည်စာရင်းရယူထားသော တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်(၃)ဦးရှိပါတယ်။ ၎င်း(၃)ဦးကတော့ တိုင်းရင်းသားလူမျိုးရေးရာ(ကရင်)အတွက် ဦးအောင်မြင့်ခိုင်၊ တိုင်းရင်းသား လူမျိုးရေးရာ(ပအိုဝ်း)အတွက် ဒေါ်စံဝင့်ခိုင်၊ တိုင်းရင်းသားလူမျိုးရေးရာ (ဗမာ)အတွက် ဦးရွှေမြင့်တို့ (၃)ဦးအား ရွေးကောက်တင်မြှောက်ထား ပါကြောင်း တင်ပြအပ်ပါတယ်ရှင်။

## ပြည်နယ်ဝန်ကြီးချုပ်ကပေးပို့သော ပြည်နယ်အတွင်းရှိတိုင်းရင်းသားလူမျိုး ရေးရာဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၏အမည်စာရင်းအား မှတ်တမ်းတင်ကြောင်းကြေညာခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ပြည်နယ်ဝန်ကြီးချုပ်ကပေးပို့သော ပြည်နယ်အတွင်းရှိတိုင်းရင်းသားလူမျိုးရေးရာဆောင်ရွက်ရန် ရွေးကောက် တင်မြှောက်ထားသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏အမည် စာရင်းအား မှတ်တမ်းတင်ကြောင်းကြေညာခြင်းဖြစ်ပါတယ်။

ပြည်နယ်ဝန်ကြီးချုပ်ကပေးပို့သော ပြည်နယ်အတွင်းရှိတိုင်းရင်းသား လူမျိုးရေးရာဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်(၃)ဦးအား မှတ်တမ်းတင်ပေးပါရန် ပန်ကြားအပ် ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင့်၊ ပြည်နယ်ဝန်ကြီးချုပ်က ပေးပို့သော တိုင်းရင်းသားလူမျိုးရေးရာ(ကရင်)အတွက် ဦးအောင်မြင့်ခိုင်၊ တိုင်းရင်းသားလူမျိုးရေးရာ(ပအိုဝ်း)အတွက် ဒေါ်စံဝင့်ခိုင်၊ တိုင်းရင်းသား လူမျိုးရေးရာ(ဗမာ)အတွက် ဦးရွှေမြင့်တို့အား ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ပါကြောင်း ကြေညာအပ်ပါတယ်ရှင်။

## ဥပဒေပြုရေးဆိုင်ရာကော်မတီတွင်ပါဝင်သင့်သည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကဥပဒေ ပြုရေးဆိုင်ရာကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့၏အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်းဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌခင်ဗျား၊ ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ အပိုဒ် ၆၂၊ အပိုဒ်ခွဲ(က) အရ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ ဖွဲ့စည်းနိုင်ရေးအတွက် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည် စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းအား ပြည်နယ် လွှတ်တော်သို့ တင်ပြပေးပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များရှင်၊ ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေအပိုဒ် ၆၂၊ အပိုဒ်ခွဲ(က) အရ ဥပဒေပြုရေးဆိုင်ရာကော်မတီအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

(၃)ဦး၊သင့်လျော်သည့် နိုင်ငံသား(၆) ဦး၊ စုစုပေါင်း (၉)ဦးပါဝင်သောအဖွဲ့ဖြင့် ဖွဲ့စည်းပေးသွားမှာဖြစ်ပါတယ်။ ဒီကော်မတီမှာပါဝင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ နိုင်ငံသားများကတော့ -

(က) ဒေါ်ခိုင်ခိုင်လှဲ၊ သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊

(ခ) ဦးစစ်ထွန်း၊ တရားလွှတ်တော်ရှေ့နေ၊ မော်လမြိုင်မြို့နယ်၊

(ဂ) ဦးသန်းရွှေ၊ ပြည်နယ်ဥပဒေအရာရှိ(ငြိမ်း)မော်လမြိုင်မြို့နယ်၊

(ဃ) ဒေါ်ကျင်မြင့်၊ တရားလွှတ်တော်ရှေ့နေ၊ မော်လမြိုင်မြို့နယ်၊

(င) ဥပဒေပါမောက္ခ၊ မော်လမြိုင်တက္ကသိုလ်၊ မော်လမြိုင်မြို့နယ်၊

(စ) ပါမောက္ခဒေါက်တာဒေါ်ကြင်စွမ်၊ မော်လမြိုင်တက္ကသိုလ်၊ (ငြိမ်း)၊ မော်လမြိုင်မြို့နယ်၊

(ဆ) ဦးအယ်လ်ခွန်ရိန်ပန်၊ သထုံမြို့နယ်၊

(ဇ) ဗိုလ်မှူးစိုးမြင့်ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၊

(ဈ) ဒေါက်တာအောင်နိုင်ဦး၊ ချောင်းဆုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) တို့ဖြစ်ပါတယ်။

ဒီဥပဒေပြုရေးဆိုင်ရာကော်မတီ(၉)ဦးထဲမှာ ဥက္ကဋ္ဌအဖြစ်သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခိုင်ခိုင်လှဲအားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ချောင်းဆုံမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအောင်နိုင်ဦးအားလည်းကောင်းတာဝန်ပေးသွားမှာဖြစ်ပါတယ်။

## ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းသတ်မှတ်ခြင်းတို့နှင့်ပတ်သက်၍ တင်ပြခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းသတ်မှတ်ခြင်းတို့နှင့်

ပတ်သက်၍ ကော်မတီဥက္ကဋ္ဌဒေါ်ခိုင်ခိုင်လှဲ့၊ သထုံမြို့နယ်၊ မဲဆန္ဒအမှတ် (၁)မှ ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်းဖြစ်ပါတယ်။

**ဒေါ်ခိုင်ခိုင်လှဲ့(သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** ဥပဒေပြုရေးဆိုင်ရာကော်မတီဖွဲ့စည်းခြင်း၊ မွန်ပြည်နယ်လွှတ်တော်သည် ဥပဒေပြုရေးဆိုင်ရာကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းသည် -

| | | | |
|---|---|---|---|
| (က) | ဒေါ်ခိုင်ခိုင်လှဲ့ | သထုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | ဥက္ကဋ္ဌ |
| (ခ) | ဦးစစ်ထွန်း | တရားလွှတ်တော်ရှေ့နေ၊ မော်လမြိုင်မြို့နယ် | အဖွဲ့ဝင် |
| (ဂ) | ဦးသန်းရွှေ | ပြည်နယ်ဥပဒေအရာရှိ(ငြိမ်း)၊ မော်လမြိုင်မြို့နယ် | အဖွဲ့ဝင် |
| (ဃ) | ဒေါ်ကျင်မြင့် | တရားလွှတ်တော်ရှေ့နေ၊ မော်လမြိုင်မြို့နယ် | အဖွဲ့ဝင် |
| (င) | ဥပဒေပါမောက္ခ | မော်လမြိုင်မြို့တက္ကသိုလ်၊ မော်လမြိုင်မြို့နယ် | အဖွဲ့ဝင် |
| (စ) | ပါမောက္ခဒေါက်တာ ဒေါ်ကြင်စွမ် | မော်လမြိုင်တက္ကသိုလ်(ငြိမ်း)၊ မော်လမြိုင်မြို့နယ် | အဖွဲ့ဝင် |
| (ဆ) | ဦးအယ်လ်ခွန်ရိန်ပန် | သထုံမြို့နယ် | အဖွဲ့ဝင် |
| (ဇ) | ဗိုလ်မှူးစိုးမြင့်ဦး | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာအောင်နိုင်ဦး | ချောင်းဆုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) | အတွင်းရေးမှူး |

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း (၁)နှစ် ပြည့်မြောက်သည့်အခါပြန်လည်သုံးသပ်ပြီး လိုအပ်ပါကသင့်လျော်သလိုလဲလှယ် အစားထိုးတာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်**

ကော်မတီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကော်မတီ၏ အစည်းအဝေးများကို ဥပဒေ၊ နည်းဥပဒေများ နှင့်အညီ ကျင်းပခြင်း၊

(ခ) ဥပဒေကြမ်းများကို ရေးဆွဲခြင်း၊ ဥပဒေကြမ်းရေးဆွဲရန် အကြို ညှိနှိုင်းခြင်း၊ ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်း၊

(ဂ) ဥပဒေကြမ်းရေးဆွဲရာတွင် ပါဝင်ဆွေးနွေးနိုင်ရန် ပါဝင်ပတ်သက် သူများ၊ သက်ဆိုင်ရာပုဂ္ဂိုလ်များ၊ ကျွမ်းကျင်ပညာရှင်များ ဖိတ်ကြားခြင်း၊ ဆွေးနွေးအကြံပြုချက်များကို ရယူခြင်း၊

(ဃ) ဥပဒေကြမ်းအတွက် လိုအပ်သောအချက်အလက်များကို စုဆောင်းခြင်း၊

(င) ဥပဒေကြမ်းများအားလိုအပ်ပါက ပြည်သူများ၏အမြင် သဘောထားဆန္ဒများရယူခြင်း၊

(စ) ဥပဒေကြမ်းများလွှတ်တော်အစည်းအဝေးသို့ ဥပဒေပြဋ္ဌာန်းချက် များနှင့်အညီ တင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ အတည်ပြုချက် ရယူခြင်း၊

(ဆ) ပြည်နယ်လွှတ်တော်နှင့်လွှတ်တော်ဥက္ကဋ္ဌမှ ပေးအပ်သော အခြား တာဝန်များကို ဆောင်ရွက်ခြင်း၊

(ဇ) လွှတ်တော်သို့ရေးဆွဲတင်ပြလာသော ဥပဒေကြမ်းများကို စိစစ်ခြင်း၊

(ဈ) လုပ်ငန်းဆောင်ရွက်အခြေအနေကို လွှတ်တော်ဥက္ကဋ္ဌထံ အခါအားလျော်စွာ တင်ပြခြင်း။

ကော်မတီ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကော်မတီ၏ အစည်းအဝေးများကို လွှတ်တော်ရုံး၏ သတ်မှတ်ထားသောနေရာဌာနများတွင်ကျင်းပနိုင်သည်၊

(ခ) ကော်မတီအစည်းအဝေးတက်ရောက်ရန် သက်ဆိုင်သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအား လွှတ်တော်ရုံးမှတစ်ဆင့်ဖိတ်ကြားနိုင်သည်၊

(ဂ) ကော်မတီဝင်များသည် ကော်မတီအစည်းအဝေးများတွင် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့်အညီအကြံပြုခြင်း၊ ဆွေးနွေးခြင်း၊ ဆန္ဒမဲပေးခြင်းများကို ဆောင်ရွက်နိုင်သည်၊

(ဃ) ကော်မတီသည်လိုအပ်သောအချက်အလက်များအတွက် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများထံမှ တင်ပြတောင်းခံနိုင်သည်၊

(င) ကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ၊ မွန်ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေများနှင့်အညီ လွှတ်တော်အစည်းအဝေးသို့ ဥပဒေကြမ်းများကို တင်သွင်းနိုင်သည်၊

(စ) အခြားရေးရာကော်မတီဝင်များ၊ ရေးရာပူးပေါင်းကော်မတီ၊ အစိုးရအဖွဲ့ဝင်များ၊သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ဆွေးနွေးခြင်းများ ဆောင်ရွက်နိုင်သည်၊

(ဆ) ဥပဒေကြမ်းရေးဆွဲခြင်းနှင့်ပတ်သက်ပြီး အများပြည်သူ၏အမြင် သဘောထားရယူရန် ပြည်နယ်လွှတ်တော်မှတစ်ဆင့် ဆောင်ရွက်နိုင်သည်၊

(ဇ) ကော်မတီသည်မိမိတာဝန်များကို ထမ်းဆောင်ရာတွင်အကြံဉာဏ်နှင့်အကူအညီများကို သက်ဆိုင်ရာအုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍရှိ ပုဂ္ဂိုလ်များမှလည်းကောင်း၊ ပြင်ပပညာရှင်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများရှိ ပုဂ္ဂိုလ်များထံမှလည်းကောင်း ရယူဆောင်ရွက်နိုင်သည်။

ကော်မတီသည် ကော်မတီအစည်းအဝေးများတက်ရောက်ခြင်း၊ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီ၏လုပ်ငန်းကိစ္စ ခရီးထွက်ခြင်းများအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခံစားခွင့်ဥပဒေပါ နေ့တွက်စရိတ် စသည့်ခံစားခွင့်များကို ခံစားခွင့်ရှိသည်။

**မှတ်ချက်။** ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ လိုအပ်ပါကကော်မတီနှင့် ကော်မတီ၏သက်တမ်းကို လွှတ်တော်ဥက္ကဋ္ဌက ပြင်ဆင်နိုင်သည်။

## တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်းဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌခင်ဗျား၊ ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ အပိုဒ် ၆၂၊ အပိုဒ်ခွဲ(က) အရ တိုင်းရင်းသားလူမျိုးများ အရေး

ဆိုင်ရာကော်မတီဖွဲ့စည်းနိုင်ရေးအတွက် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းအား ပြည်နယ်လွှတ်တော်သို့ တင်ပြပေးပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေအပိုဒ် ၆၂၊ အပိုဒ်ခွဲ(က) အရတိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၄)ဦး၊ သင့်လျော်သည့်နိုင်ငံသား(၇)ဦး၊ စုစုပေါင်း (၁၁)ဦး ပါဝင်သောအဖွဲ့ဖြင့်ဖွဲ့စည်းပေးသွားမှာဖြစ်ပါတယ်။ ဒီကော်မတီမှာ ပါဝင်တဲ့ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ နိုင်ငံသားများကတော့ -

(က) ဦးထွန်းမင်းအောင်၊ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)
(ခ) ဒေါ်ယဉ်ယဉ်စိုး၊ သထုံမြို့နယ်၊
(ဂ) ဦးခွန်ရွှေသင်း၊ သထုံမြို့နယ်၊
(ဃ) စောဟိုရှေး၊ မော်လမြိုင်မြို့နယ်၊
(င) စောကျော်မိုး၊ သထုံမြို့နယ်၊
(စ) ဒေါက်တာမင်းထွန်းရှိန်၊ မုဒုံမြို့နယ်၊
(ဆ) မင်းစိုးဝင်း(ခ)နိုင်မွန်ရာဇာ၊ ကမာဝက်မြို့၊
(ဇ) ဦးစိုင်းမြင့်သူ၊ သထုံမြို့နယ်၊
(ဈ) ဦးမင်းအောင်မွန်၊ ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊
(ည) ဗိုလ်မှူးလှမိုးသိန်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၊
(ဋ) ဒေါက်တာမင်းစိုးလင်း၊ ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) တို့ဖြစ်ပါတယ်။

ဒီတိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ(၁၁)ဦးထဲမှာ ဥက္ကဋ္ဌအဖြစ်ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးထွန်းမင်းအောင်အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ်ရေးမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာမင်းစိုးလင်းအားလည်းကောင်းတာဝန်ပေးသွားမှာ ဖြစ်ပါတယ်။

**တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏လုပ်ငန်းတာဝန်၊လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းသတ်မှတ်ခြင်းတို့နှင့်ပတ်သက်၍တင်ပြခြင်း**

**အခမ်းအနားမှူး။** တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ၏ လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းသတ်မှတ်ခြင်းတို့နှင့် ပတ်သက်၍ ကော်မတီဥက္ကဋ္ဌ ဦးထွန်းမင်းအောင်၊ ပေါင်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း ဖြစ်ပါတယ်။

**ဦးထွန်းမင်းအောင်(ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** မင်္ဂလာပါ။ လေးစားအပ်ပါသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ယနေ့ ကြွရောက်လာကြသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံကြပါစေလို့ ကျွန်တော့်အနေနဲ့ ပဏာမဆုတောင်းအပ်ပါတယ်။

ကျွန်တော်ကတော့ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးထွန်းမင်းအောင်ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီဖွဲ့စည်းခြင်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တင်ပြမှာဖြစ်ပါတယ်။

**ကော်မတီဖွဲ့စည်းခြင်း**

မွန်ပြည်နယ်လွှတ်တော်သည် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းသည် -

| | | | |
|---|---|---|---|
| (က) | ဦးထွန်းမင်းအောင် | ပေါင်မြို့နယ်၊ မဲဆန္ဒနယ်ဥက္ကဋ္ဌ အမှတ်(၁) | |
| (ခ) | ဒေါ်ယဉ်ယဉ်စိုး | သထုံမြို့နယ် | အဖွဲ့ဝင် |
| (ဂ) | ဦးခွန်ရွှေသင်း | သထုံမြို့နယ် | အဖွဲ့ဝင် |
| (ဃ) | စောဟိုရှေး | မော်လမြိုင်မြို့နယ် | အဖွဲ့ဝင် |
| (င) | စောကျော်မိုး | သထုံမြို့နယ် | အဖွဲ့ဝင် |
| (စ) | ဒေါက်တာမင်းထွန်းရှိန် | မုဒုံမြို့နယ် | အဖွဲ့ဝင် |
| (ဆ) | မင်းစိုးဝင်း(ခ) နိုင်မွန်ရာဇာ | ကမာဝက်မြို့ | အဖွဲ့ဝင် |
| (ဇ) | ဦးစိုင်းမြင့်သူ | သထုံမြို့နယ် | အဖွဲ့ဝင် |
| (ဈ) | မင်းအောင်မွန် | ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| (ည) | ဗိုလ်မှူးလှမိုးသိန်း | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဋ) | ဒေါက်တာမင်းစိုးလင်း | ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) | အတွင်းရေးမှူး |

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီဝင်၏ သက်တမ်း (၁)နှစ် ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

## ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်

ကော်မတီ၏တာဝန်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းရင်းသားတို့၏ အခွင့်အရေးများရရှိရန် ကူညီဆောင်ရွက်ခြင်း၊

(ခ) တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို လေ့လာတင်ပြခြင်း၊

(ဂ) တိုင်းရင်းသားလူမျိုးများအရေးအတွက် မေးခွန်း၊ အဆို၊ ဥပဒေများဖြင့် ဆောင်ရွက်ခြင်း၊

(ဃ) လိုအပ်ပါက ကော်မတီ၏အစီရင်ခံစာကို ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့်ပြည်နယ်လွှတ်တော်သို့သတ်မှတ်ချက်များနှင့်အညီ တင်သွင်းခြင်း၊

(င) ပြည်နယ်လွှတ်တော်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ဆောင်ရွက်ခြင်း၊

(စ) လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌထံ အခါအားလျော်စွာတင်ပြခြင်း။

ကော်မတီ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကော်မတီ၏ အစည်းအဝေးများကို လွှတ်တော်ရုံး၏သတ်မှတ်ထားသော နေရာဌာနများတွင်ကျင်းပနိုင်သည်၊

(ခ) ကော်မတီအစည်းအဝေးတက်ရောက်ရန် သက်ဆိုင်သည့် လူပုဂ္ဂိုလ်၊အဖွဲ့အစည်းများအား လွှတ်တော်ရုံးမှတစ်ဆင့် ဖိတ်ကြားနိုင်သည်၊

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ ရရှိရန်သုံးသပ်ခြင်း၊ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းများဆောင်ရွက်နိုင်သည်၊

(ဃ) တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ ရိုးရာယဉ်ကျေးမှုနှင့် ထုံးတမ်းအစဉ်အလာပွဲတော်နှင့် နေ့ထူးနေ့မြတ်ပွဲတော်များ ကျင်းပခြင်းကို ကူညီဆောင်ရွက်ပေးနိုင်သည်၊

(င) တိုင်းရင်းလူမျိုးများ၏ နယ်မြေဒေသဖွံ့ဖြိုးရေးများအတွက် လိုအပ်သည်များကိုစာရင်းပြုစုခြင်း၊ တိုင်ပင်ဆွေးနွေးခြင်းများ ပြုလုပ်ပြီးကော်မတီဥက္ကဋ္ဌမှ တစ်ဆင့်လွှတ်တော်သို့တင်ပြနိုင်သည်၊

(စ) တိုင်းရင်းသားရေးရာဝန်ကြီးများနှင့်တိုင်ပင်ညှိနှိုင်းပြီးလိုအပ်ချက် များကို ကူညီဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်နိုင်သည်၊

(ဆ) တိုင်းရင်းသားတို့၏ လိုအပ်ချက်များနှင့်အညီ ဥပဒေကြမ်းများ၊ အဆိုများ၊ မေးခွန်းများပြုစုရေးသား တင်သွင်းဆောင်ရွက် နိုင်သည်၊

(ဇ) အောက်ခြေတွင် ကွင်းဆင်းလေ့လာဆန်းစစ်ခြင်းများကို လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်၊

(ဈ) လိုအပ်ပါက ကော်မတီ၏အစီရင်ခံစာကို ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော် ဥပဒေ၊ မွန်ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေနှင့်အညီ တင်သွင်းနိုင်သည်၊

(ည) လိုအပ်ပါက ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် လွှတ်တော်သို့ ဥပဒေ၊နည်းဥပဒေနှင့်အညီ တင်သွင်း နိုင်သည်၊

(ဋ) ကော်မတီသည် ကော်မတီအစည်းအဝေးများတက်ရောက်ရာတွင် အကြံဉာဏ်နှင့်အကူအညီများကို သက်ဆိုင်ရာအုပ်ချုပ်ရေး နှင့်တရားစီရင်ရေးကဏ္ဍရှိ ပုဂ္ဂိုလ်များမှလည်းကောင်း၊ ပြင်ပ

ပညာရှင်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများရှိ ပုဂ္ဂိုလ်များထံမှလည်းကောင်း ရယူဆောင်ရွက်နိုင်သည်။

ကော်မတီသည် ကော်မတီအစည်းအဝေးများတက်ရောက်ခြင်း၊ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီ၏လုပ်ငန်းကိစ္စ၊ ခရီးထွက်ခြင်းများအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခံစားခွင့်ဥပဒေပါ နေ့တွက်စရိတ်စသည့်ခံစားခွင့်များကို ခံစားခွင့်ရှိသည်။

**မှတ်ချက်။** ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ လိုအပ်ပါကကော်မတီနှင့် ကော်မတီ၏သက်တမ်းကို လွှတ်တော်ဥက္ကဋ္ဌက ပြင်ဆင်နိုင်သည်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တိုင်ကြားစာ၊ အသနားခံစာ၊တင်ပြစာများနှင့် အထွေထွေကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တိုင်ကြားစာ၊ အသနားခံစာ၊တင်ပြစာများနှင့် အထွေထွေကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မတီတွင်ပါဝင်သင့်သည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့၏အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်းဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌခင်ဗျား၊ ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ အပိုဒ် ၆၂၊ အပိုဒ်ခွဲ(က)အရ တိုင်ကြားစာ၊ အသနားခံစာ၊ တင်ပြစာများနှင့် အထွေထွေကိစ္စရပ်များလေ့လာသုံးသပ်ရေးကော်မတီတွင် ပါဝင်သင့်သည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့၏ အမည်စာရင်းအား ပြည်နယ်လွှတ်တော်သို့ တင်ပြပေးပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေအပိုဒ် ၆၂၊ အပိုဒ်ခွဲ(က) အရ ပြည်နယ်လွှတ်တော်တိုင်ကြားစာ၊ အသနားခံစာ၊ တင်ပြစာများနှင့် အထွေထွေကိစ္စရပ်များလေ့လာသုံးသပ်ရေးကော်မတီအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၃)ဦး၊ သင့်လျော်သည့် နိုင်ငံသား(၈)ဦး၊ စုစုပေါင်း (၁၁)ဦး ပါဝင်သောအဖွဲ့ဖြင့် ဖွဲ့စည်းပေးသွားမှာဖြစ်ပါတယ်။ ဒီကော်မတီမှာ ပါဝင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ နိုင်ငံသားများကတော့ -

(က) ဦးအောင်ကျော်သူ၊ သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊

(ခ) ဦးလှခိုင်၊ တရားလွှတ်တော်ရှေ့နေ၊ မော်လမြိုင်မြို့နယ်၊

(ဂ) ဦးတင်ညွှန့်၊ အထက်တန်းရှေ့နေ၊ မော်လမြိုင်မြို့နယ်၊

(ဃ) ဦးကျော်မျိုးမင်း၊ ဘီးလင်းမြို့နယ်၊

(င) ဦးသိန်းတင်၊ တရားလွှတ်တော်ရှေ့နေ၊ မော်လမြိုင်မြို့နယ်၊

(စ) ဦးနီလတ်၊ ကျိုက်မရောမြို့နယ်၊

(ဆ) ဦးစောလင်းအောင်၊ ချောင်းဆုံမြို့နယ်၊

(ဇ) မင်းလင်းကိုကို၊ တရားလွှတ်တော်ရှေ့နေ၊ မော်လမြိုင်မြို့နယ်၊

(ဈ) ဦးစိုးမိုးမြင့်၊ အထက်တန်းရှေ့နေ၊ သထုံမြို့နယ်၊

(ည) ဗိုလ်မှူးသိန်းဇော်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၊

(၄)	ဦးဇော်ဇော်ထူး၊ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)တို့ဖြစ်ပါတယ်။

ဒီတိုင်ကြားစာ၊ အသနားခံစာ၊ တင်ပြစာများနှင့်အထွေထွေကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မတီ(၁၁)ဦးထဲမှာ ဥက္ကဋ္ဌအဖြစ်သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ကျော်သူအားလည်းကောင်း၊အတွင်းရေးမှူး အဖြစ် ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇော်ဇော်ထူးအားလည်းကောင်း တာဝန်ပေးသွားမှာဖြစ်ပါတယ်။

## တိုင်ကြားစာ၊အသနားခံစာ၊တင်ပြစာများနှင့်အထွေထွေကိစ္စရပ်များလေ့လာသုံးသပ်ရေးကော်မတီ၏လုပ်ငန်းတာဝန်၊လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းသတ်မှတ်ခြင်းတို့နှင့်ပတ်သက်၍ တင်ပြခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရတိုင်ကြားစာ၊ အသနားခံစာ၊ တင်ပြစာများနှင့် အထွေထွေကိစ္စရပ်များလေ့လာသုံးသပ်ရေး ကော်မတီ၏ လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းသတ်မှတ်ခြင်းတို့နှင့် ပတ်သက်၍ ကော်မတီဥက္ကဋ္ဌဦးအောင်ကျော်သူ၊ သထုံမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်းဖြစ်ပါတယ်။

**ဦးအောင်ကျော်သူ(သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား၊ ကျွန်တော်ကတော့ သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူဖြစ်ပါတယ်။ ယခု ဖတ်ကြားသွားမှာက တိုင်ကြားစာ၊ အသနားခံစာ၊ တင်ပြစာများနှင့် အထွေထွေကိစ္စရပ်များလေ့လာသုံးသပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်၊

လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းသတ်မှတ်ခြင်းတို့နှင့်ပတ်သက်၍ ဖတ်ကြားသွားမှာဖြစ်ပါတယ်။

## ကော်မတီဖွဲ့စည်းခြင်း

မွန်ပြည်နယ်လွှတ်တော်သည် တိုင်ကြားစာ၊ အသနားခံစာ၊ တင်ပြစာများနှင့်အထွေထွေကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းသည် -

| | | | |
|---|---|---|---|
| (က) | ဦးအောင်ကျော်သူ | သထုံမြို့နယ်၊မဲဆန္ဒနယ် အမှတ်(၂) | ဥက္ကဋ္ဌ |
| (ခ) | ဦးလှခိုင် | တရားလွှတ်တော်ရှေ့နေ၊ မော်လမြိုင်မြို့နယ် | အဖွဲ့ဝင် |
| (ဂ) | ဦးတင်ညွန့် | အထက်တန်းရှေ့နေ၊ မော်လမြိုင်မြို့နယ် | အဖွဲ့ဝင် |
| (ဃ) | ဦးကျော်မျိုးမင်း | ဘီးလင်းမြို့နယ် | အဖွဲ့ဝင် |
| (င) | ဦးသိန်းတင် | တရားလွှတ်တော်ရှေ့နေ၊ မော်လမြိုင်မြို့နယ် | အဖွဲ့ဝင် |
| (စ) | ဦးနီလတ် | ကျိုက်မရောမြို့နယ် | အဖွဲ့ဝင် |
| (ဆ) | ဦးစောလင်းအောင် | ချောင်းဆုံမြို့နယ် | အဖွဲ့ဝင် |
| (ဇ) | မင်းလင်းကိုကို | တရားလွှတ်တော်ရှေ့နေ၊ မော်လမြိုင်မြို့နယ် | အဖွဲ့ဝင် |
| (ဈ) | ဦးစိုးမိုးမြင့် | အထက်တန်းရှေ့နေ၊ သထုံမြို့နယ် | အဖွဲ့ဝင် |
| (ည) | ဗိုလ်မှူးသိန်းဇော် | တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် | အဖွဲ့ဝင် |

(၅) ဦးဇော်ဇော်ထူး ပေါင်မြို့နယ်၊ အတွင်းရေးမှူး
မဲဆန္ဒနယ်အမှတ်(၂)

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီဝင်၏ သက်တမ်း(၁)နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလိုလဲလှယ် အစားထိုးတာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်**

ကော်မတီ၏တာဝန်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီသို့တင်သွင်းသောဥပဒေကြမ်းများနှင့် အခြားအထွေထွေကိစ္စရပ်များကို ဆွေးနွေးခြင်း၊ သုံးသပ်ခြင်း၊

(ခ) ဥပဒေကြမ်းများရေးဆွဲခြင်း၊

(ဂ) ပြည်သူလူထုတင်ပြစာ(တိုင်စာ၊ ပစ်စာ)များကိုစိစစ်ခြင်း၊အကြံပြုတင်ပြခြင်းသက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များထံမှစိစစ်ချက်များတောင်းခံခြင်း၊

(ဃ) စိစစ်လေ့လာတွေ့ရှိချက်များကိုသုံးသပ်ဆွေးနွေးခြင်း၊

(င) ကော်မတီ၏ အစီရင်ခံစာမူကြမ်းကို ရေးသားတင်ပြခြင်း၊

(စ) လိုအပ်ပါက ကော်မတီအစီရင်ခံစာကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့်လွှတ်တော်သို့ သတ်မှတ်ချက်များနှင့်အညီတင်သွင်းခြင်း၊

(ဆ) လွှတ်တော်နှင့် လွှတ်တော်ဥက္ကဋ္ဌမှ အခါအားလျော်စွာပေးအပ်သောတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဇ) လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို လွှတ်တော်ဥက္ကဋ္ဌထံ အခါအားလျော်စွာတင်ပြခြင်း။

ကော်မတီ၏လုပ်ပိုင်ခွင့်များမှာအောက်ပါအတိုင်းဖြစ်သည် -

(က) ကော်မတီ၏ အစည်းအဝေးများကို လွှတ်တော်ရုံး၏ သတ်မှတ်ထားသောနေရာများတွင်ကျင်းပနိုင်သည်၊

(ခ) ကော်မတီအစည်းအဝေးတက်ရောက်ရန် သက်ဆိုင်သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအား လွှတ်တော်ရုံးမှတစ်ဆင့် ဖိတ်ကြားနိုင်သည်၊

(ဂ) လိုအပ်သောအချက်အလက်များအတွက် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများထံတွင်ခွင့်ပြုချက်များနှင့်အညီ တင်ပြတောင်းခံနိုင်သည်၊

(ဃ) အခြားရေးရာကော်မတီများ၊ အစိုးရအဖွဲ့ဝင်များ သက်ဆိုင်ရာဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်နိုင်သည်၊

(င) ကော်မတီသို့တင်ပြသော ပြည်သူလူထုတို့၏တင်ပြချက်များကို ပြန်လည်စိစစ်ခြင်း၊ ဆွေးနွေးခြင်း၊ အမြင်သုံးသပ်ချက်များ၊ အကြံပြုများကို ပြန်လည်ပေးပို့နိုင်သည်၊

(စ) တိုင်စာ၊ ပစ်စာ၊ အသနားခံစာများနှင့်ပတ်သက်၍ လွှတ်တော်၊ လွှတ်တော်ဥက္ကဋ္ဌမှတာဝန်ပေးအပ်ပါက စိစစ်တင်ပြနိုင်သည်၊

(ဆ) ကော်မတီဝင်များ၏ စိစစ်လေ့လာတွေ့ရှိချက်များကို ကော်မတီအစည်းအဝေးတွင် ဆွေးနွေးသုံးသပ်နိုင်သည်၊

(ဇ) ကော်မတီ၏အစီရင်ခံစာမူကြမ်းရေးသားခြင်း၊ စိစစ်သုံးသပ်ခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်နိုင်သည်၊

(ဈ) လိုအပ်ပါကအစီရင်ခံစာကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ၊ မွန်ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေများနှင့်အညီ တင်သွင်းနိုင်သည်၊

(ည) ကော်မတီသည် မိမိတာဝန်များကိုထမ်းဆောင်ရာတွင် အကြံဉာဏ် နှင့်အကူအညီများကို သက်ဆိုင်ရာအုပ်ချုပ်ရေးနှင့် တရား စီရင်ရေးကဏ္ဍရှိ ပုဂ္ဂိုလ်များမှလည်းကောင်း၊ ပြင်ပပညာရှင်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများရှိ ပုဂ္ဂိုလ်များထံမှ လည်းကောင်း ရယူဆောင်ရွက်နိုင်သည်။

ကော်မတီသည် ကော်မတီအစည်းအဝေးများ တက်ရောက်ခြင်း၊ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီ၏လုပ်ငန်းကိစ္စ၊ ခရီးထွက်ခြင်း များအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခံစားခွင့်ဥပဒေပါ နေ့တွက်စရိတ်စသည့် ခံစားခွင့်များကို ခံစားခွင့်ရှိသည်။

**မှတ်ချက်။** ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ လိုအပ်ပါကကော်မတီနှင့် ကော်မတီ၏သက်တမ်းကို လွှတ်တော်ဥက္ကဋ္ဌက ပြင်ဆင်နိုင်သည်။

## အစည်းအဝေးအစီအစဉ် ခေတ္တရပ်နားခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ အစည်းအဝေးအစီအစဉ် ခေတ္တရပ်နားခြင်းဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား၊ အစည်းအဝေးကို (၁၁း၀၀)နာရီမှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ် ခင်ဗျား။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာမှာဖြစ်ပါတယ်ခင်ဗျား။ ကိုယ်စားလှယ်များခေတ္တနားနေရန်နှင့်လက်ဖက်ရည်သုံးဆောင်ရန် အတွက် ဆွေးနွေးပွဲခန်းမတွင် ပြင်ဆင်ထားပါကြောင်း အသိပေးအပ်ပါတယ်။ အားလုံးဘဲထွက်ခွာနိုင်ပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး နေရာယူပေးကြပါရန် ပန်ကြားအပ်ပါတယ်။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ခင်ဗျား၊ ပြန်လည် နေရာယူပေးပါရန် ပန်ကြားအပ်ပါတယ်။ အားလုံးဘဲ ထိုင်နိုင်ပါပြီ ခင်ဗျား။

## လုံခြုံရေးနှင့်နယ်စပ်ရေးရာတာဝန်ပေးအပ်ရန် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံမှပေးပို့သော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းနှင့် ဝန်ကြီးဌာနများတွင် ဝန်ကြီးအဖြစ်ခန့်အပ်မည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းနှင့် ပတ်သက်၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန်ရှိပါက ဆွေးနွေးခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ လုံခြုံရေးနှင့်နယ်စပ်ရေးရာ တာဝန်ပေးအပ်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှပေးပို့သော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းနှင့် ဝန်ကြီးဌာနများတွင် ဝန်ကြီးအဖြစ်ခန့်အပ်မည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းနှင့်ပတ်သက်၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးရန်ရှိပါက ဆွေးနွေးခြင်းဖြစ်ပါတယ်။

တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊မွန်ပြည်နယ်အတွက် လုံခြုံရေးနှင့်နယ်စပ်ရေးရာတာဝန်ပေးအပ်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှပေးပို့သော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းနှင့် နိုင်ငံတော်သမ္မတမှ အဆိုပြုသည့် မွန်ပြည်နယ်ဝန်ကြီးဌာနများတွင် ဝန်ကြီးအဖြစ် တာဝန်ပေးအပ်ရန် ပြည်နယ်

ဝန်ကြီးချုပ်မှ အမည်စာရင်းတင်သွင်းသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းနှင့်ပတ်သက်၍ ကိုယ်စားလှယ်များက တင်ပြဆွေးနွေးရန်ရှိပါက ဆွေးနွေးနိုင်ပါတယ်။ အကယ်၍တင်ပြဆွေးနွေးရန်ရှိပါက ဆွေးနွေးခွင့်နှင့် အချိန်သတ်မှတ်ခြင်း၊ မဲပေးခြင်းကိစ္စရပ်တို့ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသိရှိနိုင်ရန်အတွက် ရှင်းလင်းတင်ပြလိုပါတယ်။

ပထမအချက်အနေနဲ့ ဆွေးနွေးခွင့်နှင့်ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်များဟာ လွှတ်တော်အစည်းအဝေးကျင်းပနေစဉ်အတွင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့်သာလျှင် လွှတ်တော်တွင် ဆွေးနွေးခွင့်ရှိပါတယ်။

ဒုတိယအချက်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်(၁)ဦးဟာတစ်ကြိမ်လျှင် အများဆုံးမိနစ်(၂၀)အထိသာ ဆွေးနွေးခွင့်ရှိပါတယ်။ သတ်မှတ်ထားသည့် အချိန်ပြည့်သွားပါက ဘဲလ်တီးအချက်ပေးသွားမှာဖြစ်ပါတယ်။ သို့သော် လွှတ်တော်ရဲ့လုပ်ငန်း(သို့မဟုတ်) ဆွေးနွေးဆဲကိစ္စကို အထောက်အကူပြုစေမည်ဟုယုံကြည်ပါက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဟာ ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေအပိုဒ် ၃၆၊ အပိုဒ်ခွဲ(ခ)အရ ယင်းလွှတ်တော်ကိုယ်စားလှယ်ကို အချိန်သတ်မှတ်၍ ဆက်လက်တင်ပြဆွေးနွေးခွင့်ပြု သွားမှာ ဖြစ်ပါတယ်။

ဒ့ါအပြင် အခြားတင်ပြဆွေးနွေးရန်ကိုယ်စားလှယ်တစ်ဦးမှမရှိခဲ့ပါက နိုင်ငံတော်သမ္မတရဲ့အဆိုပြုချက်ကို ပြည်နယ်လွှတ်တော်ကသဘောတူညီဆုံးဖြတ်ကြောင်း ကြေညာသွားမှာဖြစ်ပါတယ်။

အကယ်၍ တင်ပြဆွေးနွေးမည့်သူများရှိလာပါက ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေအပိုဒ် ၃၁၊အပိုဒ်ခွဲ(ထ)၊ အပိုဒ်ခွဲငယ်(၂)အရ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ မတ်တပ်ရပ်ဆန္ဒပြုသည့် နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။

တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား၊ ယခုအချိန်ကစပြီး လွှတ်တော်ဥက္ကဋ္ဌတင်ပြသွားတဲ့ မွန်ပြည်နယ်အတွက် လုံခြုံရေးနှင့်နယ်စပ်ရေးရာတာဝန်ပေးအပ်ရန် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံမှပေးပို့သော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အမည် စာရင်းနှင့်ဝန်ကြီးဌာနများတွင် ဝန်ကြီးအဖြစ်ခန့်အပ်မည့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းနှင့်ပတ်သက်၍ တင်ပြဆွေးနွေး လိုသော ကိုယ်စားလှယ်များရှိပါကဆွေးနွေးဖို့ ဖိတ်ခေါ်အပ်ပါတယ်ခင်ဗျား။

တင်ပြဆွေးနွေးလိုသောကိုယ်စားလှယ်များရှိပါသေးသလား ခင်ဗျား။ (၃ကြိမ်မေးရန်)

**ဒေါက်တာအောင်နိုင်ဦး(ချောင်းဆုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။**

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ကျွန်တော်ကတော့ ချောင်းဆုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အောင်နိုင်ဦးဖြစ်ပါတယ်။

ဒီကနေ့အစီအစဉ်မှာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရေးကိစ္စနှင့်ပတ်သက်ပြီးတော့ အခြေခံဥပဒေပုဒ်မ ၂၆၂ နှင့်အညီ ပြည်နယ်လွှတ်တော်သို့ အမည်စာရင်းတင်သွင်းပြီးတော့ ပြည်နယ်လွှတ်တော်ရဲ့အတည်ပြုချက်ရယူသွားရန် အစီအစဉ်ဖြစ်ပါတယ်။ ဒီအစီအစဉ်အရဆိုရင် ပုဒ်မ ၂၆၂ (က)၊ (ခ)၊ (ဂ)၊ (ဃ)အရ သွားမယ့် သဘောဖြစ်ပါတယ်။ ပုဒ်မ ၂၆၂၊ အပိုဒ်ခွဲ(က)သည် (၁)၊ (၂)၊ (၃)၊ (၄)၊ အပိုဒ်(၁)မှာတော့ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲကဖြစ်စေ၊ သတ်မှတ်အရည်အချင်းများနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်

များကို ရွေးချယ်ရမယ်ဆိုတဲ့ပြဋ္ဌာန်းချက်ပါပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဘက်က ပြဋ္ဌာန်းချက်၊ သတ်မှတ်ချက်များနဲ့ အမည်စာရင်းတင်သွင်းခဲ့တဲ့ ဒီပုဂ္ဂိုလ်ဟာ တကယ်ကို အရည်အချင်းများနဲ့မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ရင် လွှတ်တော်က ကန့်ကွက်ငြင်းပယ် ပိုင်ခွင့်မရှိပါဆိုတဲ့ ပုဒ်မ ၂၆၂၊ အပိုဒ်ခွဲ (ဂ)ပြဋ္ဌာန်းချက်လည်း ရှိတယ်။ ကျွန်တော့်အနေနဲ့ ပြည်နယ်ဝန်ကြီးချုပ်က တင်သွင်းခဲ့တဲ့ ပြည်နယ်ဝန်ကြီးအဖြစ် အမည်စာရင်း(၇)ဦးကို အထူးကန့်ကွက်စရာမရှိပါဘူး။

သို့သော်လည်း အကြံပြုချက်တစ်ရပ်တော့ အကြံပြုတင်ပြခွင့်ပြုဖို့ တင်ပြအပ်ပါတယ်။ ဝန်ကြီးချုပ်ကအမည်စာရင်း တင်သွင်းသွားတဲ့ (၇)ဦးထဲမှာ ဦးမင်းမင်းဦးတစ်ယောက်ပါပါတယ်။ ဦးမင်းမင်းဦးဆိုတာကလည်း တစ်ဖက်မှာ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် အတည်ပြုခန့်ထားပြီးသား ပုဂ္ဂိုလ်လည်းဖြစ်ပါတယ်။ ပြည်နယ်ဝန်ကြီးချုပ်က ပုဒ်မ ၂၆၂(က)အရဆိုလို့ ရှိရင် လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ သင့်လျော်တဲ့နိုင်ငံသားထဲကဖြစ်စေ၊ သတ်မှတ်ချက်အရည်အချင်းနဲ့ပြည့်စုံတဲ့သူကို အဆိုပြုရမယ်ဆိုတဲ့ပြဋ္ဌာန်းချက်အရ ဝန်ကြီးချုပ်က ပြန်ပြီးတော့ မိမိကိုယ်ကို ပြည်နယ်ဝန်ကြီးအဖြစ် ပြန်ပြီးအဆိုပြုတာက စဉ်းစားချင့်ချိန်သင့်ပါတယ်လို့ ကျွန်တော့်အနေနဲ့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ဒီတစ်ခုတော့ထောက်ပြချင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ပြည်နယ်ဝန်ကြီးချုပ်ကအစိုးရအဖွဲ့ကို ခေါင်းဆောင်မယ့်အကြီးအကဲ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့လို့ပြောရင် အခြေခံဥပဒေပုဒ်မ ၂၄၈အရ ပြည်နယ်ဝန်ကြီးချုပ်ရှိမယ်၊ ပြည်နယ်ဝန်ကြီးရှိမယ်၊ ဥပဒေချုပ်ရှိပါမယ်။ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဝန်ကြီးအားလုံးကို စီမံကွပ်ကဲ အုပ်ချုပ်မယ့်ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဒီဝန်ကြီးတွေကလည်း သက်ဆိုင်ရာ

ဝန်ကြီးဌာနတွေကို တာဝန်ယူဆောင်ရွက်မယ့်ကိစ္စမှာလည်း သူ့အနေနဲ့ တိုက်ရိုက်ဖြစ်ဖြစ်၊ ပြည်နယ်ဝန်ကြီးကတစ်ဆင့်ဖြစ်ဖြစ် ဝန်ကြီးဌာန အားလုံးကို ကြီးကြပ်သွားမယ့်ပုဂ္ဂိုလ်လည်းဖြစ်ပါတယ်။

အကယ်၍သာ သူ့ကိုယ်သူထပ်ပြီးတော့ ပြည်နယ်ဝန်ကြီးအဖြစ် ပြန်ပြီးတော့အဆိုပြုတာက ကျွန်တော့်အမြင်ကတော့ ဥပဒေထဲမှာသီးခြား ပြဋ္ဌာန်းချက်မရှိသလို ဒီပြဋ္ဌာန်းချက်မရှိတဲ့အပေါ်မှာ ပြည်နယ်ဝန်ကြီးချုပ်က တင်သွင်းမယ်ဆိုရင်တော့လည်း မဖြစ်သင့်ဘူးလို့ ကျွန်တော့်အနေနဲ့ အကြံပြုလိုပါတယ်။ ဒီတော့ ပြည်နယ်ဝန်ကြီးချုပ်ဦးမင်းမင်းဦးအနေနဲ့ အဆိုပြုခဲ့တဲ့ ဒီ(၇)ဦးထဲက ဦးမင်းမင်းဦးအမည်ပြန်လည်ပယ်ဖျက်ပြီးတော့ ရှိတဲ့(၆)ဦးနဲ့ အတည်ပြုသွားမယ်ဆိုရင်လည်း ကျွန်တော်တို့ဖြစ်နိုင်ပါတယ်လို့ ကျွန်တော်အကြံပြုလိုပါတယ်။

ဝန်ကြီးတွေဖြစ်သွားပြီးရင် ဒီဝန်ကြီးတွေကိုင်တွယ်ရမယ့်ဌာနကို ကျတော့ ပုဒ်မ ၂၆၂ (စ)မှာ သီးခြားပြန်လည်ဖော်ပြထားပါတယ်။ နိုင်ငံတော် သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်တင်ပြသည့် ပုဂ္ဂိုလ်များအား သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး များအဖြစ် ခန့်အပ်တာဝန်ပေးရမည်။ ထိုသို့ခန့်အပ်တာဝန်ပေးရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးတစ်ဦးချင်းအလိုက် တာဝန်ယူ ရမည့် ဝန်ကြီးဌာန သို့မဟုတ် ဝန်ကြီးဌာနများကို သက်ဆိုင်ရာဝန်ကြီးချုပ် နှင့်ညှိနှိုင်းလျက် သတ်မှတ်ပေးလို့ရတယ်ဆိုတဲ့သဘောက ပြည်နယ်ဝန်ကြီးချုပ်က တိုက်ရိုက် အဲဒီဌာနကို ကိုင်တွယ်ဆောင်ရွက်လိုတယ်ဆိုရင်လည်း နိုင်ငံတော်သမ္မတကြီးနဲ့တိုင်ပင်ညှိနှိုင်းပြီးတော့ ပုဒ်မ၂၆၂(စ)နှင့်အညီ လုပ်သွားလို့ရပါတယ်လို့ ကျွန်တော့်အနေနဲ့ အပြုသဘောတင်ပြအပ်ပါတယ်။

ဒါကိုလည်း ပြည်နယ်ဝန်ကြီးချုပ်ရဲ့သဘောထားဘယ်လိုရှိပါသလဲ။ ကျွန်တော်ကတော့ အဲဒါလေးတစ်ခုတော့ ပြင်ဆင်သင့်တယ်လို့မြင်ပါတယ်။

ပြည်နယ်ဝန်ကြီးချုပ်ရဲ့ သဘောထားကိုလည်း ဆွေးနွေးပေးစေလိုပါတယ်။
အားလုံးကို ကျေးဇူးတင်ပါတယ်။

**အခမ်းအနားမှူး။** ထပ်မံတင်ပြဆွေးနွေးလိုသော ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။ (၃ကြိမ်မေးမြန်းပါသည်။)

## ပြည်နယ်ဝန်ကြီးချုပ်ကရှင်းလင်းရန် ရှိပါက ရှင်းလင်းခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ပြည်နယ်ဝန်ကြီးချုပ်ကရှင်းလင်းရန် ရှိပါက ရှင်းလင်းခြင်း ဖြစ်ပါတယ်။

ပြည်နယ်ဝန်ကြီးချုပ်ခင်ဗျား၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးဆွေးနွေးချက်အပေါ် ရှင်းလင်းဆွေးနွေးရန်ရှိပါက ဆွေးနွေးပေးပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဦးမင်းမင်းဦး(ပြည်နယ်ဝန်ကြီးချုပ်)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကိုအောင်နိုင်ဦးတင်ပြသွားတဲ့အချက်ကို ကျွန်တော်ရှင်းလင်းသွားပါမယ်။

ဒီကိစ္စလည်း နိုင်ငံတော်ဘဏ္ဍာကို ကျွန်တော်အတတ်နိုင်ဆုံး ခြိုးခြံချွေတာထားချင်တဲ့အတွက် ဒီဝန်ကြီးဌာနတစ်ခုကို ကျွန်တော့်ရဲ့လက်အောက်မှာ တိုက်ရိုက်ကြီးကြပ်ဆောင်ရွက်တာဝန်ယူချင်တာပါ။ ဒါကြောင့်မို့လို့ ဝန်ကြီးဌာန(၇)ဦးအတွက် စာရင်းပေးရမယ်ဆိုတော့ ကျွန်တော့်နာမည်ကိုထည့်ပြီးတင်သွင်းရခြင်း ဖြစ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ချောင်းဆုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်နိုင်ဦးရဲ့တင်ပြဆွေးနွေးချက်ကို ပြည်နယ်လွှတ်တော်ကမှတ်တမ်းတင်အပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌခင်ဗျား၊ မွန်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာတာဝန်ပေးအပ်ရန်အတွက် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းနှင့် မွန်ပြည်နယ်ဝန်ကြီးဌာနများတွင် ဝန်ကြီးအဖြစ်ခန့်အပ်မည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းနှင့်ပတ်သက်၍ ပြည်နယ်လွှတ်တော်၏ သဘောတူကြောင်း အဆုံးအဖြတ်အား ကြေညာပေးပါရန်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ကာကွယ်ရေးဦးစီးချုပ်နှင့် ပြည်နယ်ဝန်ကြီးချုပ်မှ အမည်စာရင်းပေးပို့လာသော -

(က) ဗိုလ်မှူးကြီးဝင်းနိုင်ဦး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန၊

(ခ) ဦးဝဏ္ဏကျော်၊ စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊

(ဂ) ဦးမင်းထင်အောင်ဟန်၊ လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီးဌာန၊

(ဃ) ဦးထွန်းဌေး၊ စိုက်ပျိုးမွေးမြူရေးနှင့်ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန၊

(င) ဒေါက်တာမင်းကြည်ဝင်း(ခ)နိုင်ကြည်ဝင်း၊သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊

(စ) ဒေါက်တာထိန်လင်း၊ လူမှုရေးဝန်ကြီးဌာန။

စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနကိုတော့ ပြည်နယ်ဝန်ကြီးချုပ်မှ ကြီးကြပ်ကွပ်ကဲတာဝန်ယူဆောင်ရွက်ရန် ပြည်နယ်လွှတ်တော်မှ သဘောတူဆုံးဖြတ်ကြောင်း ကြေညာအပ်ပါတယ်ရှင်။

## ပြည်နယ်ဝန်ကြီးချုပ်ကပေးပို့သောမွန်ပြည်နယ်အတွက်ပြည်နယ်ဥပဒေချုပ်၏ အမည်စာရင်းနှင့်ပြည်နယ်စာရင်းစစ်ချုပ်၏အမည်စာရင်းတို့နှင့် ပတ်သက်၍ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန်ရှိပါက ဆွေးနွေးခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ပြည်နယ်ဝန်ကြီးချုပ်ကပေးပို့သော မွန်ပြည်နယ်အတွက် ပြည်နယ်ဥပဒေချုပ်၏အမည်စာရင်းနှင့် ပြည်နယ်စာရင်းစစ်ချုပ်၏အမည်စာရင်းတို့နှင့် ပတ်သက်၍ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန်ရှိပါက ဆွေးနွေးခြင်းဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ပြည်နယ်ဝန်ကြီးချုပ်က ပေးပို့သော မွန်ပြည်နယ်အတွက် ပြည်နယ်ဥပဒေချုပ်၏အမည်စာရင်းနှင့် ပြည်နယ်စာရင်းစစ်ချုပ်၏အမည်စာရင်းတို့နှင့်ပတ်သက်၍ ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေအပိုဒ် ၅၁၊ အပိုဒ်ခွဲ (ခ)၊(ဂ)အရ ကန့်ကွက်လိုသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (က)ပါ သတ်မှတ်အရည်အချင်းနှင့် မပြည့်စုံကြောင်းကို ခိုင်လုံသည့်သက်သေအထောက်အထားများနှင့် ပူးတွဲတင်ပြရမည်ဟု ပါရှိပါတယ်။ ဖွဲ့စည်းပုံပါအခြေခံဥပဒေပုဒ်မ ၂၆၆ ပုဒ်မခွဲ (ဂ)တွင်သတ်မှတ်ထားသော အရည်အချင်းနှင့်မပြည့်စုံကြောင်းအထင်အရှားမပြနိုင်ပါက သက်ဆိုင်ရာပြည်နယ်လွှတ်တော်သည် ပြည်နယ်ဝန်ကြီးချုပ်က

တင်သွင်းသည့်ပုဂ္ဂိုလ်များအား ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ် အဖြစ်ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရဟု ပါရှိပါတယ်။

တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ပြည်နယ်ဥပဒေချုပ်နှင့်ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ တင်ပြလာသည့် (ဥပဒေချုပ်)၊ (စာရင်းစစ်ချုပ်)တို့နှင့်ပတ်သက်၍ ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေအပိုဒ် ၅၁၊ အပိုဒ်ခွဲ(ခ)နှင့်အညီ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ တင်ပြဆွေးနွေးပေးကြပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

တင်ပြဆွေးနွေးလိုသော ကိုယ်စားလှယ်များရှိပါသလားခင်ဗျား။

(ဥက္ကဋ္ဌမေးမြန်းပါသည်။)

## ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**အခမ်းအနားမှူး။** တင်ပြဆွေးနွေးလိုသော ကိုယ်စားလှယ်မရှိတဲ့အတွက် အစီအစဉ်အရ ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း ဖြစ်ပါတယ်။ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌခင်ဗျား၊ ပြည်နယ်ဝန်ကြီးချုပ်က ပေးပို့သော မွန်ပြည်နယ်အတွက် ပြည်နယ်ဥပဒေချုပ်၏ အမည်စာရင်းနှင့် ပြည်နယ်စာရင်းစစ်ချုပ်၏အမည်စာရင်းတို့နှင့်ပတ်သက်၍ ပြည်နယ်လွှတ်တော်၏ သဘောတူကြောင်းအဆုံးအဖြတ်အား ကြေညာပေးပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ရှင်၊ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်ဥပဒေချုပ်အဖြစ် ဒေါ်အေးအေးမို့ နှင့် မွန်ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ဒေါ်သိန်းသိန်းဦးတို့အား ခန့်အပ် တာဝန်ပေးရန် တင်ပြလာမှုနှင့်ပတ်သက်၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များမှ တင်ပြဆွေးနွေးရန်မရှိတဲ့အတွက် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ အပိုဒ်၅၂ အရ ဒေါ်အေးအေးမို့အား ပြည်နယ်ဥပဒေချုပ်အဖြစ် လည်းကောင်း၊ ဒေါ်သိန်းသိန်းဦးအား ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် လည်းကောင်း ခန့်အပ်တာဝန်ပေးရန် ပြည်နယ်လွှတ်တော်မှ သဘောတူ ဆုံးဖြတ်ကြောင်း ကြေညာအပ်ပါတယ်ရှင်။

## ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များအဖြစ် ခန့်အပ်တာဝန်ပေးအပ်မည့် ပုဂ္ဂိုလ်များအမည်စာရင်းကိုကြေညာခြင်းနှင့်ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင် များအဖြစ် ခန့်အပ်တာဝန်ပေးအပ်မည့်ပုဂ္ဂိုလ်များ အမည်စာရင်းကိုကြေညာခြင်း နှင့် ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ခြင်းဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ ပြည်နယ်အဆင့် အဖွဲ့အစည်း ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးအပ်မည့် ပုဂ္ဂိုလ်များအမည်စာရင်းကို ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပေးပါရန် ပန်ကြား အပ်ပါတယ် ခင်ဗျား။

**၃၇၄။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ပြည်နယ်ဝန်ကြီးချုပ်မှ တင်ပြလာသော -

(က) ဦးမင်းမင်းဦး၊ (စည်ပင်သာယာရေးနှင့်ဆောက်လုပ်ရေးဝန်ကြီးဌာန)

(ခ) ဗိုလ်မှူးကြီးဝင်းနိုင်ဦး၊ (လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန)

(ဂ) ဦးဝဏ္ဏကျော်၊ (စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)

(ဃ) ဦးမင်းထင်အောင်ဟန်၊ (လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး ဌာန)

(င) ဦးထွန်းဌေး၊ (စိုက်ပျိုးမွေးမြူရေးနှင့်ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဌာန)

(စ) ဒေါက်တာမင်းကြည်ဝင်း(ခ)နိုင်ကြည်ဝင်း၊ (သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)

(ဆ) ဒေါက်တာထိန်လင်း၊ (လူမှုရေးဝန်ကြီးဌာန)

(ဇ) ဦးအောင်မြင့်ခိုင်၊ (ကရင်တိုင်းရင်းသားရေးရာ)

(ဈ) ဦးရွှေမြင့်၊ (ဗမာတိုင်းရင်းသားရေးရာ)

(ည) ဒေါ်စံဝင့်ခိုင်၊ (ပအိုဝ်းတိုင်းရင်းသားရေးရာ) တို့အားဝန်ကြီးများ အဖြစ်လည်းကောင်း၊

(ဋ) ဒေါ်အေးအေးမို့အား ပြည်နယ်ဥပဒေချုပ်အဖြစ်လည်းကောင်း၊

(ဌ) ဒေါ်သိန်းသိန်းဦးအား ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် လည်းကောင်း တာဝန်ပေးအပ်ရန် တင်ပြလာခြင်းအား ပြည်နယ်လွှတ်တော်မှသဘောတူ ဆုံးဖြတ်ခြင်းကို မှတ်တမ်းတင်ကြောင်း ကြေညာအပ်ပါတယ်ရှင်။

## ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၊ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းဖြစ်ပါတယ်။

ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များခင်ဗျား၊ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၏ကတိသစ္စာပြုခြင်းကို ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေအပိုဒ် ၆၀၊ အပိုဒ်ခွဲ(ဂ)၊ (ဃ)၊ (င)နှင့်အညီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌရဲ့ရှေ့မှောက်မှာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ကတိသစ္စာပြုချက်ကို တိုင်ပေးပြီး ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များမှ လိုက်ဆိုရမှာဖြစ်ပါတယ်။

ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ ကတိသစ္စာပြုနေချိန်မှာလည်း တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးမှ မတ်တပ်ရပ်ပေးကြရန် ဖြစ်ပါတယ်။

ယခုအချိန်ကစပြီး ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၊ ကတိသစ္စာပြုနိုင်ရန်အတွက် နေရာယူပေးပါရန်နှင့် တက်ရောက်လာကြသူများအားလုံး မတ်တပ်ရပ်ပေးကြပါရန်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ကျွန်ုပ်၏နောက်တွင် မိမိအမည်ကို လိုက်ဆိုရန်ဖြစ်ပါတယ်။

**ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ။** ကျွန်ုပ်သည်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝရဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။

ကျွန်ုပ်သည်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်၏ တရားဥပဒေများကို ထိန်းသိမ်းစောင့်ရှောက်ပါမည်။ ကျွန်ုပ်ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ထမ်းဆောင်ရွက်ပါမည်ဟု လေးနက်တည်ကြည်စွာကြေညာ၍ ကတိသစ္စာပြုပါသည်။

**အခမ်းအနားမှူး။** ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များမှ ကတိသစ္စာပြုလွှာကို မိမိထိုင်ခုံနေရာတွင် လက်မှတ်ရေးထိုးပေးဖို့ဖြစ်ပါတယ်။ အားလုံးဘဲထိုင်နိုင်ပါပြီ ခင်ဗျား။

(ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များမှ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပါသည်။)

လက်မှတ်ရေးထိုးထားသော ကတိသစ္စာပြုလွှာများအား အထောက်အကူပြုရုံးအဖွဲ့မှ လိုက်လံသိမ်းဆည်းခြင်းဖြစ်ပါတယ်။

(အထောက်အကူပြုရုံးအဖွဲ့မှ လိုက်လံသိမ်းဆည်းပါသည်။)

## ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(ပဥ္စမနေ့) အစည်းအဝေးရပ်နားကြောင်းနှင့်(ဆဋ္ဌမနေ့)အစည်းအဝေး ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကြေညာခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(ပဥ္စမနေ့) အစည်းအဝေးရပ်နားကြောင်းနှင့်

(ဆ၃၅မနေ့)အစည်းအဝေးဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကြေညာခြင်း ဖြစ်ပါတယ်။

**ဉက္ကဋ္ဌ။** တက်ရောက်လာကြသော မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (ပဥ္စမနေ့)ရပ်နားကြောင်းနှင့် ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့)ကို မနက်ဖြန်(၅. ၄. ၂၀၁၆)ရက်နေ့၊ နံနက် (၁၀း၀၀)နာရီအချိန်တွင်ကျင်းပသွားမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဉက္ကဋ္ဌပြန်လည်ထွက်ခွာမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်များအားလုံးမတ်တပ်ရပ်ပေးကြပါရန် ပန်ကြားအပ်ပါတယ်။

အားလုံးပဲထွက်ခွာနိုင်ပါပြီခင်ဗျား။

(ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (ပဥ္စမနေ့)ကို ၁၂း၁၀နာရီအချိန်တွင် ရပ်နားပါသည်။)

# ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်
# ပထမပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့)မှတ်တမ်း
# ၁၃၇၇ ခုနှစ်၊ တပေါင်းလဆုတ် ၁၃ ရက်
# ( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက် )
# (အင်္ဂါနေ့)

မွန်ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့)ကိုနံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

**အချိန်။ ၁၀း၀၀။**

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ယခုအချိန်ကစပြီး ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန် အစည်းအဝေး (ဆဋ္ဌမနေ့)ကို စတင်မှာဖြစ်ပါတယ်။ အစည်းအဝေးအစီအစဉ် များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံသို့ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက်အစီအစဉ်အတိုင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးကတော့ ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့)ဖြစ်ပြီး အစည်းအဝေးမှာအခမ်းအနားမှူးအဖြစ် ကျွန်တော် မွန်ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ (မွန်ပြည်နယ်လွှတ်တော်ရုံး) ညွှန်ကြားရေးမှူး

ဦးနေမျိုးအောင်က ဆောင်ရွက်သွားမှာဖြစ်ပြီး တွဲဘက်အခမ်းအနားမှူးအဖြစ် မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ (မွန်ပြည်နယ်လွှတ်တော်ရုံး) ဦးစီးအရာရှိ ဦးဇော်မင်းသိန်းတို့က ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီ။ အားလုံးဘဲထိုင်နိုင်ပါပြီ ခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ယနေ့ အစည်းအဝေးပွဲသို့ မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊တိုင်းရင်းသား လူမျိုးစုလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ စုစုပေါင်း(၃၁)ဦးတက်ရောက်ခွင့်ရှိသည့်အနက်ကိုယ်စားလှယ် (၃၁)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့်ဦးရေစုစုပေါင်းရဲ့(၁၀၀) ရာခိုင်နှုန်းတက်ရောက်တဲ့အတွက် ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမ ပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့)အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာအပ်ပါတယ်။အစည်းအဝေးကို ဖြန့်ဝေထားတဲ့အစီအစဉ်အတိုင်း ကျင်းပသွားမှာ ဖြစ်ပါတယ်ရှင်။

## ခွင့်ပန်ကြားခြင်းနှင့် ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ရှိရင်းကိုယ်စားလှယ် (၃၁) ဦး၊ ခွင့်ပန်သူ (-)ဦး၊ အစည်းအဝေးတက်ရောက်သူ (၃၁)ဦးဖြစ်ကြောင်း ကိုယ်စားလှယ်စိစစ်ရေးကော်မတီမှ တင်ပြလာပါတယ်။

အစည်းအဝေးတက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်အတည်ပြုရန်အတွက် သဘောတူပါသလားရှင်ဟု (၃)ကြိမ် မေးမြန်းခဲ့ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့် အတွက် ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)အစည်းအဝေးတက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရန်အတွက် ရှင်းလင်းခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ခြင်းဖြစ်ပါတယ်။ တက်ရောက်လာကြသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ကိုယ်စားလှယ်များထဲမှ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌတစ်ဦးကို ရွေးချယ်တင်မြှောက်ခြင်းနှင့်ပတ်သက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်အရ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌရွေးချယ်ဖို့ဖိတ်ခေါ် အဆိုပြုလွှာတင်သွင်းတဲ့နေရာမှာ အမည်စာရင်းတင်သွင်းခံရသူတစ်ဦးတည်းသာရှိမယ်ဆိုလျှင် ၎င်းကိုယ်စားလှယ်ကို ဒုတိယဥက္ကဋ္ဌအဖြစ်တင်မြှောက်ကြောင်း ကြေညာသွားမှာဖြစ်ပါတယ်။

အကယ်၍ဒုတိယဥက္ကဋ္ဌတင်မြှောက်ရန်အဆိုတင်သွင်းရာမှာ (၁)ဦး ထက်ပိုရှိပါက ကိုယ်စားလှယ်များမှ လျှို့ဝှက်ဆန္ဒမဲလက်မှတ်ကို အထောက် အကူပြုရုံးအဖွဲ့ထံမှထုတ်ယူ၍ ဆန္ဒမဲပေးရွေးချယ်ရန်ဖြစ်ပြီး ထောက်ခံမဲ အများဆုံးရရှိသူကိုသာ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်သွားမှာဖြစ်ပါတယ်။

**ပုံစံ (၁)တွင် ဖြည့်စွက်ရမည့်အချက်များအနေနဲ့ -**

(က) အမည်စာရင်းတင်သွင်းသူက မိမိအမည်စာရင်းတင်သွင်းလို သူသည် ဒုတိယဥက္ကဋ္ဌအဖြစ်တင်မြှောက်ခြင်းခံရလျှင် လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထား ရယူပြီး ဖြစ်ရမည်။
(ပုံစံ-၁ရှိ အမှတ်စဉ်၁တွင် တင်သွင်းခံရသူမှလက်မှတ် ရေးထိုးရမည်)

(ခ) အမည်စာရင်းတင်သွင်းသူ အနေဖြင့် ပုံစံ-၁ ရှိ အမှတ်စဉ် ၂ တွင်လက်မှတ်ရေးထိုးရမည်။

(ဂ) မိမိအမည်စာရင်းတင်သွင်းထားသည့် အမည်စာရင်းတင်သွင်း ခံရသူအား ထောက်ခံသည့် လက်မှတ်ကို ပုံစံ-၁ ရှိ အမှတ်စဉ် ၃ တွင် ထောက်ခံသူမှ လက်မှတ်ရေးထိုးရမည်။

(ဃ) အမည်စာရင်းတင်သွင်းသူ အနေဖြင့် ပုံစံ - ၁ အောက်ဆုံး၌ လက်မှတ်ရေးထိုးထားရှိရမည်။

(င) ကိုယ်စားလှယ်များအနေဖြင့် ပုံစံ-၁ အား ဖြည့်စွက်ရာ၌ မှားယွင်းဖြည့်စွက်မိပါက ပုံစံ-၁ အသစ်(၁)စောင် ထပ်မံ ထုတ်ယူနိုင်ပြီး မှားယွင်းဖြည့်စွက်မိသော ပုံစံ- ၁အားလွှတ်တော် ကိုယ်စားလှယ်များရှေ့မှောက်တွင် ဖျက်ဆီးပစ်ရမှာဖြစ်ပါတယ်။

# ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရန်အတွက် ဆောင်ရွက်ခြင်း

**ဥက္ကဋ္ဌ။** ဒုတိယဥက္ကဋ္ဌလောင်းအဆိုပြုလွှာပုံစံ(၁) အား အခမ်းအနားမှူး ထံတွင်သွားရောက်ထုတ်ယူနိုင်ပါပြီရှင်၊

(ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ပုံစံ(၁)အား အခမ်းအနားမှူး ထံတွင်သွားရောက်ထုတ်ယူပါသည်။)

ကိုယ်စားလှယ်များအနေဖြင့် ဒုတိယဥက္ကဋ္ဌလောင်းအမည်စာရင်း ထပ်မံအဆိုပြုလိုသူရှိပါကထပ်မံအဆိုပြုနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါတယ်ရှင်။ (၃ကြိမ်မေးရန်)

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းအဆိုပြုနိုင်ရန်အတွက် ပုံစံ(၁)၊ (၂)စောင်ထုတ်ပေးပြီး ပုံစံ(၁)၊ (၂)စောင်ပြန်လည် လက်ခံရရှိပါတယ်။

ပုံစံ(၁)ထုတ်ယူပြီး အဆိုပြုလွှာပြန်လည်အပ်နှံလာမှု အခြေအနေအရ အဆိုတင်သွင်းခံရသည့် ဒုတိယဥက္ကဋ္ဌလောင်း၏ အမည်စာရင်းကို ပုံစံ(၃)တွင်ဖြည့်စွက်၍ ကြေညာမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ပုံစံ(၁)ထုတ်ယူပြီး အဆိုပြုလွှာပြန်လည်အပ်နှံလာမှု အခြေအနေအရ တင်သွင်းခံရသည့် ဒုတိယဥက္ကဋ္ဌလောင်းကတော့ ဒေါက်တာခင်နိုင်ဦး၊ ဘီးလင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် ဒေါက်တာ အောင်နိုင်ဦး၊ ချောင်းဆုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီတို့ ဖြစ်ပါတယ်ရှင်။

## အစည်းအဝေးအစီအစဉ်ခေတ္တရပ်နားခြင်း

**အခမ်းအနားမှူး။** ဒုတိယဥက္ကဋ္ဌတင်မြှောက်ရန် အဆိုတင်သွင်းရာမှာ တစ်ဦးထက်ပိုတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ လျှို့ဝှက်ဆန္ဒမဲပေး၍ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ မဲပေးခြင်းဆောင်ရွက်ရန်အတွက် အစည်းအဝေးအစီအစဉ် ခေတ္တ (၁၀)မိနစ်ရပ်နားမှာ ဖြစ်ပါတယ်။ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာမှာဖြစ်ပါတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မတ်တပ်ရပ်ပေးကြပါရန် ပန်ကြားအပ်ပါတယ်။ အားလုံးဘဲထွက်ခွာနိုင်ပါပြီ။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ သတ်မှတ်နေရာ အသီးသီးတွင် နေရာယူပေးကြပါရန် ပန်ကြားအပ်ပါတယ်။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ကြွရောက်လာပါပြီ။ အားလုံးဘဲထိုင်နိုင်ပါပြီ ခင်ဗျား။

## လျှို့ဝှက်ဆန္ဒမဲပေးခြင်းဆောင်ရွက်ရန်အတွက် လုပ်ဆောင်ရမည့်အချက်များ

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ဒုတိယဥက္ကဋ္ဌလောင်း အဖြစ် အမည်စာရင်းတင်သွင်းခံရသူတစ်ဦးထက်ပိုနေသည့်အတွက် ဆန္ဒမဲလက်မှတ်အသုံးပြုပြီး လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်များအနေဖြင့် သက်ဆိုင်ရာဝန်ထမ်းများထံမှ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ လျှို့ဝှက်ဆန္ဒမဲပေးခြင်း ဖြစ်ပါတယ်။

လျှို့ဝှက်ဆန္ဒမဲပေးခြင်းဆောင်ရွက်ရန်အတွက် လုပ်ဆောင်ရမည့်အချက်များကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ဖတ်ကြားရှင်းလင်းသွားမှာဖြစ်ပါတယ်-

(က) ဆန္ဒမဲပေးခြင်းကို လွှတ်တော်အစည်းအဝေးခန်းမတွင် လွှတ်တော်ကိုယ်စားလှယ်များရှေ့မှောက်၌ ပြုလုပ်ရမည်။

(ခ) လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးသည် ဆန္ဒမဲပေးပွဲအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းကို တာဝန်ယူဆောင်ရွက်သည့် ကြီးကြပ်သူအရာရှိအား အထောက်အကူပြုရန် ဝန်ထမ်းအဖွဲ့ကို ဖွဲ့စည်းပေးရမည်၊

(ဂ) လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးသည် ဆန္ဒမဲပေးပွဲအတွက် လိုအပ်သော ဆန္ဒမဲလက်မှတ်များ၊ ဆန္ဒမဲစာရင်း၊ ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်းသည့်စာရွက်စာတမ်းများ၊ ပုံစံများ၊ ဆန္ဒမဲပုံးများစီစဉ်ထားရှိရမည်။ လျှို့ဝှက်ဆန္ဒမဲပေးနိုင်ရန် လွှတ်တော်အစည်းအဝေးခန်းမအတွင်း သီးသန့်နေရာများကိုလည်း စီစဉ်ထားရှိရမည်၊

(ဃ) ကြီးကြပ်သူအရာရှိသည် ဆန္ဒမဲပေးပွဲမစတင်မီ ဆန္ဒမဲပေးမည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် မိမိလက်မှတ်ရေးထိုးယူဆောင်လာသော ဆန္ဒမဲလက်မှတ်ပုံစံ(၄)များကို ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များရှေ့မှောက်၌ရေတွက်၍ ပုံစံ(၅)၌ ဖြည့်သွင်းပြုစုပြီး ဥက္ကဋ္ဌထံတင်ပြအတည်ပြုချက်ရယူ လက်မှတ်ရေးထိုးမှတ်တမ်းတင်ထားရှိရမည်၊

(င) ဆန္ဒမဲပေးပွဲမစတင်မီ နည်းဥပဒေခွဲ(ခ)အရ ဖွဲ့စည်းထားသည့် ဝန်ထမ်းအဖွဲ့၏ တာဝန်ရှိဝန်ထမ်းများသည် လွှတ်တော်

ကိုယ်စားလှယ်များရှေ့မှောက်တွင် ဆန္ဒမဲပုံးများအတွင်း မည်သည့်အရာမျှမရှိကြောင်း ထင်ရှားအောင်ပြသပြီး ဆန္ဒမဲပုံးများကို လွှတ်တော်ကိုယ်စားလှယ်များ မြင်နိုင်သောနေရာတွင် ထားရှိရမည်၊

(စ) လွှတ်တော်ကိုယ်စားလှယ်များသည် ဆန္ဒမဲလက်မှတ်ပုံစံ(၄)ကို ဆန္ဒမဲလက်မှတ်ထုတ်ပေးရန် သတ်မှတ်ထားသောနေရာများရှိ တာဝန်ရှိဝန်ထမ်းများထံမှ လက်ခံရရှိကြောင်း ပုံစံ(၆)တွင် လက်မှတ်ရေးထိုးရယူ၍ သတ်မှတ်ထားသောနေရာတွင်လျှို့ဝှက် ဆန္ဒပြုရမည်။ ယင်းသို့ဆန္ဒပြုရာတွင် ဆန္ဒမဲလက်မှတ်၌ ထောက်ခံသူအားမှင်ဖြင့် အမှန်အမှတ်အသား(✔)ကိုလည်းကောင်း၊ ကန့်ကွက်သူအား မှင်ဖြင့် ကြက်ခြေခတ်အမှတ် အသား(×)ကို လည်းကောင်း အထင်အရှားပြုရမည်။ ထို့နောက် ဆန္ဒမဲလက်မှတ်ကို မိမိကိုယ်တိုင်မဲပုံးအတွင်းသို့ ထည့်ရမည်၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဆန္ဒမဲလက်မှတ်ပေါ်တွင် မှားယွင်းရေးသားမိလျှင် ယင်းဆန္ဒမဲလက်မှတ်ကို ပယ်ဖျက်၍ ဆန္ဒမဲလက်မှတ်အသစ်လဲလှယ်ပေးရန် တောင်းခံနိုင်သည်။ ထိုသို့လဲလှယ်သည့်နေရာ၌ပင် လွှတ်တော်ကိုယ်စားလှယ်ကိုယ်တိုင် ဥက္ကဋ္ဌရှေ့မှောက်တွင်ဆန္ဒမဲလက်မှတ်ဟောင်းကို ဖျက်ဆီးပစ်ရမည်။ ဖျက်ဆီးသည့် ဆန္ဒမဲလက်မှတ်အရေအတွက်ကို ကြီးကြပ်သူအရာရှိက ပုံစံ(၇)တွင် ဖြည့်သွင်းပြုစု၍ ဥက္ကဋ္ဌထံ တင်ပြအတည်ပြုချက်ရယူပြီး မှတ်တမ်းတင်ထားရမည်။

(ဇ) ဥက္ကဋ္ဌလောင်းတစ်ဦးချင်းရရှိသော ဆန္ဒမဲရေတွက်ခြင်းကို ဆောင်ရွက်ရာတွင် -

(၁) ဥက္ကဋ္ဌသည် ဆန္ဒမဲပုံးများကို လွှတ်တော်ကိုယ်စားလှယ်များ၏ရှေ့မှောက်တွင် နည်းဥပဒေခွဲ(ခ)အရ ဖွဲ့စည်းထားသည့်ဝန်ထမ်းအဖွဲ့၏ တာဝန်ရှိဝန်ထမ်းအား ဖွင့်လှစ်စေ၍ ဆန္ဒမဲလက်မှတ်များကို ထုတ်ယူစေရမည်။ ဆန္ဒမဲပုံးများကို ဖွင့်လှစ်ခြင်းမပြုမီ ဆန္ဒမဲပုံးပြင်ပတွင်ထားခဲ့သော ဆန္ဒမဲလက်မှတ်များကို တွေ့ရှိပါကကြီးကြပ်သူအရာရှိအား အရေအတွက်ကို မှတ်တမ်းတင်စေ၍ပယ်မဲအဖြစ် သတ်မှတ်စေရမည်။

(၂) လွှတ်တော်ကိုယ်စားလှယ်များအား ပုံစံ(၆)ဖြင့် ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက် ကိုက်ညီခြင်းရှိ/မရှိ ကြီးကြပ်သူအရာရှိက စိစစ်ရမည်။ ပုံစံ(၆)ဖြင့် ထုတ်ပေးထားသောဆန္ဒမဲအရေအတွက်သည် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲအရေအတွက်ကပိုနေကြောင်း ကြီးကြပ်သူအရာရှိကတင်ပြလာလျှင် ဥက္ကဋ္ဌသည် ဆန္ဒမဲပေးပွဲအထမမြောက်ကြောင်းနှင့်ဆန္ဒမဲပေးပွဲကို အသစ်ပြုလုပ်မည်ဖြစ်ကြောင်း လွှတ်တော်သို့ ကြေညာရမည်၊

(၃) လွှတ်တော်ကိုယ်စားလှယ်များအား ပုံစံ(၆)ဖြင့် ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက်ထက်ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်ကလျော့နည်းနေပါက လျော့နည်းသည့် အရေအတွက်ကိုလည်းကောင်း၊ လျော့နည်းသည့်ဆန္ဒမဲ လက်မှတ်မရှိပါကမရှိကြောင်းကိုလည်းကောင်း ကြီးကြပ်သူအရာရှိက ဥက္ကဋ္ဌထံ

တင်ပြလာသည့်အခါ ဥက္ကဋ္ဌက ဆန္ဒမဲပေးပွဲအထမြောက်ကြောင်း ကြေညာ၍ ဆန္ဒမဲလက်မှတ်များကို ကြီးကြပ်သူအရာရှိအား ရေတွက်စေရမည်။

ဆန္ဒမဲလက်မှတ်များကို ရေတွက်ရာ၌ ဒုတိယဥက္ကဋ္ဌလောင်းတစ်ဦးစီရရှိသော ဆန္ဒမဲလက်မှတ်များကို သီးခြားစီခွဲ၍ ရေတွက်ရမည်။ ထိုသို့ရေတွက်ရာတွင် အောက်ပါဆန္ဒမဲလက်မှတ်များကို တွေ့ရှိပါက ကြီးကြပ်သူအရာရှိက ဥက္ကဋ္ဌထံတင်ပြ၍မှန်ကန်ပါက ဥက္ကဋ္ဌသည် ပယ်မဲအဖြစ်ဆုံးဖြတ်သတ်မှတ်ကြောင်း ကြေညာရမည်-

(က) ဆန္ဒမဲပုံးထဲသို့ မထည့်ဘဲ ဆန္ဒမဲပုံးပြင်ပတွင်ထားခဲ့သော ဆန္ဒမဲလက်မှတ်၊

(ခ) ဥက္ကဋ္ဌလောင်းတစ်ဦးထက်ပို၍ ထောက်ခံဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(ဂ) မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်၊

(ဃ) အမှန်အမှတ်အသား(✔)နှင့် ကြက်ခြေအမှတ်အသား(×)များမှအပ အခြားအမှတ်အသားပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(င) မည်သူ့ကို ဆန္ဒပြုထားကြောင်း မသိနိုင်သည့် ဆန္ဒမဲလက်မှတ်၊

(စ) ကြီးကြပ်သူအရာရှိကိုယ်တိုင် လက်မှတ်ရေးထိုးထားခြင်းမရှိသည့် ဆန္ဒမဲလက်မှတ်၊

(ဆ) အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်။

လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးအနေဖြင့် ဆန္ဒမဲပေးပွဲအတွက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်သည့် ကြီးကြပ်သူအရာရှိအား အထောက်အကူပြုရန်အတွက် ဝန်ထမ်းအဖွဲ့အား ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။

ကြီးကြပ်သူအရာရှိအနေဖြင့် ဆန္ဒမဲပေးပွဲမစတင်မီ ဆန္ဒမဲပေးရမည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် မိမိလက်မှတ်ရေးထိုး ယူဆောင်လာသော ဆန္ဒမဲလက်မှတ်ပုံစံ(၄)ကို ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များရှေ့မှောက်တွင် ရေတွက်၍ ပုံစံ(၅)၌ ဖြည့်သွင်းပြီး ဥက္ကဋ္ဌထံ တင်ပြအတည်ပြုချက်ရယူရန်ဖြစ်ပါတယ်။
(ကြီးကြပ်သူအရာရှိမှ ဥက္ကဋ္ဌထံ ပုံစံ(၅)အား တင်ပြအတည်ပြုချက်ရယူ ပါသည်။)

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင့်၊ ဒုတိယဥက္ကဋ္ဌလောင်း အဖြစ် ဆန္ဒမဲပေးနိုင်ရန်အတွက် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈(ဃ)နှင့် ၂၇(ခ)တို့အရ ဒီနေ့ဆန္ဒမဲလက်မှတ်ထုတ်ယူသွားတဲ့ ဆန္ဒမဲ လက်မှတ်ကတော့ (၃၅)စောင်တိတိဖြစ်ပါတယ်။

**အခမ်းအနားမှူး။** အထောက်အကူပြုရုံးအဖွဲ့မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင်ရှိသော ဆန္ဒမဲပုံးအတွင်း၌ မည်သည့် အရာမျှမရှိကြောင်းထင်ရှားအောင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မြင်နိုင်သော နေရာတွင်ထားရှိ၍ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ဆန္ဒမဲပေးဆောင်ရွက်ခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရဆန္ဒမဲပေးခြင်းစတင်ဆောင်ရွက် သွားမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆန္ဒ မဲလက်မှတ်များကို စတင်ထုတ်ယူနိုင်ကြောင်း ပန်ကြားအပ်ပါတယ်။ ရှေ့ဆုံးတန်းမှစတင်ပြီးတော့ ထုတ်ယူပေးဖို့ ပန်ကြားအပ်ပါတယ်။

(ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ လျှို့ဝှက်ဆန္ဒမဲပေးခြင်းဆောင်ရွက်ပါသည်။)

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ဆန္ဒမဲပေးပြီးဖြစ်တဲ့အတွက် ဆန္ဒမဲလက်မှတ်များအားရေတွက်ရမှာဖြစ်ပါတယ်။ ကြီးကြပ်သူအရာရှိမှ ထုတ်ပေးထားသော ဆန္ဒမဲလက်မှတ်အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းရှိဆန္ဒမဲများအရေအတွက်ကို တင်ပြပေးရန်ဖြစ်ပါတယ်ရှင်။

(အထောက်အကူပြုရုံးအဖွဲ့မှ ဆန္ဒမဲလက်မှတ်များကို ရေတွက်ပါသည်။)

ကြီးကြပ်သူအရာရှိတင်ပြချက်အရ ဆန္ဒမဲပေးပွဲအထမြောက်သဖြင့် ဆန္ဒမဲလက်မှတ်များကို ကြီးကြပ်သူအရာရှိမှ ရေတွက်၍သတ်မှတ်ပုံစံဖြင့် တင်ပြပေးရန်ဖြစ်ပါတယ်။

## ဆန္ဒမဲလက်မှတ်များကို ကြီးကြပ်သူအရာရှိမှရေတွက်၍သတ်မှတ်ပုံစံဖြင့် တင်ပြခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ဆန္ဒမဲလက်မှတ်များကို ကြီးကြပ်သူအရာရှိမှရေတွက်၍ သတ်မှတ်ပုံစံဖြင့် တင်ပြခြင်းဖြစ်ပါတယ်။

(ဒေါ်ခိုင်ခိုင်လှဲ့၊ သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ဦးအောင်ကျော်သူ၊ သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဦးမင်းအောင်မွန်၊ ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)တို့မှ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ဆန္ဒမဲလက်မှတ်များကို အထောက်အကူပြုရုံးအဖွဲ့နှင့်အတူ ရေတွက်ပါသည်။)

## ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း ကြေညာခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ပြည်နယ်လွှတ်တော်ဒုတိယ ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်းကြေညာခြင်း ဖြစ်ပါတယ်။ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌမှ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း ကြေညာပေးပါရန်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ဆန္ဒမဲပေးပြီးတော့ ရွေးချယ်တဲ့နေရာမှာ ပုံစံ(၈)၊(က) စာရင်းအရ ပယ်မဲအရေအတွက်(၅)မဲဖြစ်ပါတယ်။ ပုံစံ(၈)၊(ခ)အရ မှားယွင်းပြီးဖျက်ဆီးပစ်သည့် ဆန္ဒမဲလက်မှတ်(၁)မဲဖြစ်ပါတယ်။ ပုံစံ(၉)အရ ဒေါက်တာခင်နိုင်ဦး၊ ဘီးလင်းမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)၊ အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ် ပါတီက (၁၂)မဲရရှိပါတယ်။ ဒေါက်တာ အောင်နိုင်ဦး၊ ချောင်းဆုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီ ပါတီက (၁၃)မဲ ရရှိပါတယ်။ ဒုတိယဥက္ကဋ္ဌအဖြစ် ချောင်းဆုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအောင်နိုင်ဦးအား ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ ပြည်နယ်လွှတ်တော်၏ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အခမ်းအနားမှူး။** ဆက်လက်ပြီး အစီအစဉ်အရ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌမှ ပြည်နယ်လွှတ်တော်၏ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌမှကတိသစ္စာပြုခြင်းနှင့် လက်မှတ်ရေးထိုးခြင်းအတွက် နေရာယူပေးပါရန် ပန်ကြားအပ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ခန်းမတွင်းရှိပုဂ္ဂိုလ်များအားလုံး မတ်တတ်ရပ်ပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ကတိသစ္စာပြုချက်ကို ကျွန်မက တိုင်ပေးတဲ့အခါမှာ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌက လိုက်ဆိုဖို့ဖြစ်ပါတယ်။ ကျွန်ုပ်နောက်တွင် မိမိအမည်ကိုရွတ်ဆိုရန် ဖြစ်ပါတယ်။

**ဒေါက်တာအောင်နိုင်ဦး(ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ)။**
မွန်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးသော ကျွန်ုပ်ဒေါက်တာအောင်နိုင်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝရ ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။

ကျွန်ုပ်ထမ်းဆောင်ရမည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ထမ်းဆောင်မည်ဖြစ်ကြောင်း လေးနက်တည်ကြည်စွာကြေညာ၍ ကတိသစ္စာပြုပါသည်။

**အခမ်းအနားမှူး။** အားလုံးဘဲထိုင်နိုင်ပါပြီ ခင်ဗျား။ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပေးဖို့ဖြစ်ပါတယ်။
(ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပါသည်။)

# ဘဏ္ဍာရေး၊စီမံကိန်းနှင့်စီးပွားရေးဆိုင်ရာကိစ္စရပ်များလေ့လာသုံးသပ်ရေး ကော်မတီတွင်ပါဝင်သင့်သည့်အဖွဲ့ဝင်ဦးရေ၊အဖွဲ့ဝင်များ၏ အမည်စာရင်း၊ကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့တင်ပြခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များလေ့လာသုံးသပ်ရေး ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ် လွှတ်တော်သို့ တင်ပြခြင်းဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌခင်ဗျား၊ ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ အပိုဒ် ၆၂၊ အပိုဒ်ခွဲ(က)အရ ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေး ဆိုင်ရာ ကိစ္စရပ်များလေ့လာသုံးသပ်ရေးကော်မတီအတွက် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းအား ပြည်နယ်လွှတ်တော်သို့ တင်ပြ ပေးပါရန်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ရှင်၊ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေအပိုဒ် ၆၂၊ အပိုဒ်ခွဲ(က)အရ ဘဏ္ဍာရေး၊စီမံကိန်းနှင့်စီးပွားရေးဆိုင်ရာကိစ္စရပ်များလေ့လာသုံးသပ်ရေး ကော်မတီအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၇)ဦး၊ သင့်လျော်သည့်နိုင်ငံသား (၄) ဦး၊စုစုပေါင်း(၁၁)ဦးပါဝင်သောအဖွဲ့ဖြင့် ဖွဲ့စည်းပေးသွားမှာဖြစ်ပါတယ်။ ဒီကော်မတီမှာပါဝင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ နိုင်ငံသား များကတော့ -

(က) ဒေါက်တာအေးဇံ ၊ ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊

(ခ) ဒေါ်ခင်သန်းမြင့်၊ စာရင်းရှုံး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ (ငြိမ်း)၊

(ဂ) ဦးကျော်အေး၊ စာရင်းရှုံး၊ ဦးစီးအရာရှိ၊ (ငြိမ်း)၊

(ဃ) ဒေါ်ရီရီသိန်း၊ သင်္ချာပါမောက္ခ(ငြိမ်း)၊

(င) ဒေါ်ကျင်အန်း၊ စာရင်းရှုံး၊ စာရင်းစစ်မှူး(ငြိမ်း)၊

(စ) ဒေါ်ခင်မျိုးမြင့် ၊ ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊

(ဆ) မင်းအောင်မွန်၊ ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊

(ဇ) ဦးအောင်ကျော်သူ၊ သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊

(ဈ) ဦးဇော်ဇော်ထူး၊ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊

(ည) ဗိုလ်မှူးကျော်စွာဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၊

(ဋ) ဒေါက်တာမင်းစိုးလင်း၊ ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) တို့ဖြစ်ပါတယ်။

ဒီဘဏ္ဍာရေး၊ စီမံကိန်းနှင့်စီးပွားရေးဆိုင်ရာကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မတီ(၁၁)ဦးထဲမှာ ဥက္ကဋ္ဌအဖြစ် ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာအေးဇံအား လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာမင်းစိုးလင်းအားလည်းကောင်း တာဝန်ပေးအပ်သွားမှာဖြစ်ပါတယ်။

## ဘဏ္ဍာရေး၊စီမံကိန်းနှင့်စီးပွားရေးဆိုင်ရာကိစ္စရပ်များလေ့လာသုံးသပ်ရေး ကော်မတီ၏လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း သတ်မှတ်ခြင်းတို့နှင့်ပတ်သက်၍ တင်ပြခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ဘဏ္ဍာရေး၊ စီမံကိန်းနှင့်စီးပွားရေးဆိုင်ရာကိစ္စရပ်များလေ့လာသုံးသပ်ရေး ကော်မတီ၏လုပ်ငန်းတာဝန်၊

လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းသတ်မှတ်ခြင်းတို့နှင့်ပတ်သက်၍ ကော်မတီ အတွင်းရေးမှူး ဒေါက်တာမင်းစိုးလင်း၊ ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်သို့တင်ပြခြင်းဖြစ်ပါတယ်။

**ဒေါက်တာမင်းစိုးလင်း(ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** လေးစား အပ်ပါသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ ခင်ဗျား၊ ကျွန်တော်ကတော့ ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းစိုးလင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မတီ၏လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းသတ်မှတ်ခြင်းတို့ကို တင်ပြသွားမှာဖြစ်ပါတယ်။

**ကော်မတီဖွဲ့စည်းခြင်း**

မွန်ပြည်နယ်လွှတ်တော်သည် ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေး ဆိုင်ရာကိစ္စရပ်များ လေ့လာသုံးသပရေးကော်မတီကို အောက်ပါပုဂ္ဂိုလ် များဖြင့် ဖွဲ့စည်းသည်-

(က) ဒေါက်တာအေးဇံ၊ ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်၊ အမှတ်(၂) — ဥက္ကဋ္ဌ

(ခ) ဒေါ်ခင်သန်းမြင့်၊ စာရင်းရုံး၊ လက်ထောက် ညွှန်ကြားရေးမှူး (ငြိမ်း) — အဖွဲ့ဝင်

(ဂ) ဦးကျော်အေး၊ စာရင်းရုံး၊ ဦးစီးအရာရှိ (ငြိမ်း) — အဖွဲ့ဝင်

(ဃ) ဒေါ်ရီရီသိန်း၊ သင်္ချာပါမောက္ခ(ငြိမ်း) — အဖွဲ့ဝင်

(င) ဒေါ်ကျင်အန်း၊ စာရင်းရုံး၊ စာရင်းစစ်မှူး(ငြိမ်း) — အဖွဲ့ဝင်

(စ) ဒေါ်ခင်မျိုးမြင့်၊ ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ် အဖွဲ့ဝင် အမှတ်(၁)

(ဆ) မင်းအောင်မွန်၊ ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ် အဖွဲ့ဝင် အမှတ်(၂)

(ဇ) ဦးအောင်ကျော်သူ၊ သထုံမြို့နယ်၊ မဲဆန္ဒနယ် အဖွဲ့ဝင် အမှတ်(၂)

(ဈ) ဦးဇော်ဇော်ထူး၊ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)အဖွဲ့ဝင်

(ည) ဗိုလ်မှူးကျော်စွာဦး၊ တပ်မတော်သားလွှတ်တော် အဖွဲ့ဝင် ကိုယ်စားလှယ်

(ဋ) ဒေါက်တာမင်းစိုးလင်း၊ ရေးမြို့နယ်၊ မဲဆန္ဒနယ် အတွင်းရေးမှူး အမှတ်(၁)

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်း(၁)နှစ် ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်**

ကော်မတီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မွန်ပြည်နယ်အတွင်း ဘတ်ဂျက်ငွေ သုံးစွဲရာမှာ ပြည်သူလူထု အကျိုးဖြစ်စေရေး စီမံခန့်ခွဲခြင်း၊

(ခ) ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်း စီမံကိန်းများ ဖြစ်မြောက်နိုင်စွမ်း ရှိ/ မရှိ ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဂ) စီးပွားရေးအရ တွက်ခြေကိုက်ညီမှု ရှိ/မရှိ ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေခြင်း ရှိ/မရှိ ကိုလေ့လာဆောင်ရွက်ခြင်း၊

(ဃ) ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အထောက်အကူပြုခြင်း ရှိ/မရှိနှင့် ပတ်ဝန်းကျင်ကိုထိခိုက်မှု ရှိ/မရှိ ဆန်းစစ်လေ့လာသုံးသပ်ခြင်း၊ အကြံပြုခြင်း၊

(င) ပြည်နယ်အတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ညှိနှိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်မှု စိစစ်သုံးသပ်တင်ပြခြင်း၊

(စ) ပြည်နယ်၏ စီးပွားရေးအခြေအနေ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို လေ့လာသုံးသပ်တင်ပြခြင်း၊

(ဆ) ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) ပြည်နယ်အတွင်း ဖြစ်ပေါ်နေသော စီးပွားရေးနှင့် လူမှုရေးအခြေအနေများအပေါ် တည်မှီ၍ လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ စားဝတ်နေရေးပြဿနာများကို အထိရောက်ဆုံး ဖြေရှင်းပေးနိုင်သည့် စီးပွားရေးစနစ်များကို လိုက်လျောညီထွေ ချမှတ်ဆောင်ရွက်ခြင်း၊

ကော်မတီ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီ၏ အစည်းအဝေးများကို လွှတ်တော်ရုံး၏ သတ်မှတ်ထားသော နေရာဌာနတွင် ကျင်းပနိုင်သည်၊

(ခ) ကော်မတီအစည်းအဝေးတက်ရောက်ရန် သက်ဆိုင်သည့်လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအား လွှတ်တော်ရုံးမှတစ်ဆင့် ဖိတ်ကြားနိုင်သည်၊

(ဂ) လိုအပ်သောအချက်အလက်များအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများထံတွင် ခွင့်ပြုချက်များနှင့်အညီတင်ပြတောင်းခံနိုင်သည်၊

(ဃ) အခြားရေးရာကော်မတီများ၊ အစိုးရအဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်နိုင်သည်၊

(င) ကော်မတီဝင်များ၏ စိစစ်လေ့လာတွေ့ရှိချက်များကို ကော်မတီအစည်းအဝေးတွင် ဆွေးနွေးသုံးသပ်နိုင်သည်၊

(စ) ကော်မတီ၏ အစီရင်ခံစာမူကြမ်းရေးသားခြင်း၊ စိစစ်သုံးသပ်ခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်နိုင်သည်၊

(ဆ) လိုအပ်ပါက အစီရင်ခံစာကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ တင်သွင်းနိုင်သည်၊

(ဇ) ကော်မတီသည်မိမိတာဝန်များကို ထမ်းဆောင်ရာတွင်အကြံဉာဏ်နှင့် အကူအညီ များကို သက်ဆိုင်ရာအုပ်ချုပ်ရေးနှင့် စီးပွားရေးကျွမ်းကျင်ပညာရှင်များ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများရှိကျွမ်းကျင်ပညာရှင်ပုဂ္ဂိုလ်များထံမှလည်းကောင်း ရယူဆောင်ရွက်နိုင်သည်။

ကော်မတီသည် ကော်မတီအစည်းအဝေးများတက်ရောက်ခြင်း၊ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီ၏ လုပ်ငန်းကိစ္စ ခရီးထွက်ခြင်းများအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခံစားခွင့်ဥပဒေပါ နေ့တွက်စရိတ်စသည့်ခံစားခွင့်များကို ခံစားခွင့်ရှိသည်။

**မှတ်ချက်။** ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ လိုအပ်ပါက ကော်မတီနှင့် ကော်မတီ၏သက်တမ်းကို လွှတ်တော်ဥက္ကဋ္ဌက ပြင်ဆင်နိုင်သည်။

ကျေးဇူးတင်ပါတယ်။

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ် စောင့်ကြပ်ရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့၏အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့တင်ပြခြင်း

**အခမ်းအနားမှူး။** ဆက်လက်၍အစီအစဉ်အရ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ကြပ်ရေး ကော်မတီတွင် ပါဝင်သင့်သည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ် လွှတ်တော်သို့ တင်ပြခြင်းဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌခင်ဗျား၊ ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေအပိုဒ် ၆၂၊ အပိုဒ်ခွဲ(က) အရ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်စောင့်ကြပ်ရေးကော်မတီ ဖွဲ့စည်းနိုင်ရေးအတွက် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့၏ အမည်စာရင်းအား ပြည်နယ်လွှတ်တော်သို့ တင်ပြပေးပါရန် ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ရှင်၊ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေအပိုဒ် ၆၂၊ အပိုဒ်ခွဲ(က) အရ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ကြပ်ရေးကော်မတီအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၅)ဦး၊ သင့်လျော်သည့်နိုင်ငံသား(၆)ဦး၊ စုစုပေါင်း(၁၁)ဦး ပါဝင်သောအဖွဲ့ဖြင့် ဖွဲ့စည်းပေးသွားမှာဖြစ်ပါတယ်။ ဒီကော်မတီမှာပါဝင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ နိုင်ငံသား များကတော့ -

(က) ဒေါက်တာအေးဇံ၊ ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊

(ခ) ဦးအောင်ကြည်ဦး၊ မော်လမြိုင်မြို့နယ်၊

(ဂ) ဒေါက်တာတင့်ဆွေ၊ မော်လမြိုင်မြို့နယ်၊

(ဃ) ဒေါက်တာမြင့်မြင့်ချို၊ မော်လမြိုင်မြို့နယ်၊

(င) ဦးမောင်မောင်မြင့်၊ မော်လမြိုင်မြို့နယ်၊

(စ) ဦးဌေးအောင်၊ မော်လမြိုင်မြို့နယ်၊

(ဆ) ဦးမြင့်အေး၊ ကျိုက်ထိုမြို့နယ်၊

(ဇ) ဦးထွန်းမင်းအောင်၊ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊

(ဈ) ဒေါ်ကြည်ကြည်မြ၊ ချောင်းဆုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊

(ည) ဗိုလ်မှူးအောင်မြတ်မိုး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၊

(ဋ) ဦးအောင်ကျော်သူ၊ သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) တို့ဖြစ်ပါတယ်ရှင်။

ဒီသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ် စောင့်ကြည့်ရေးကော်မတီ (၁၁)ဦးထဲမှာ ဥက္ကဋ္ဌအဖြစ် ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာအေးဇံအားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ကျော်သူအားလည်းကောင်း တာဝန်ပေး သွားမှာဖြစ်ပါတယ်ရှင်။

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်စောင့်ကြည့်ရေးကော်မတီ၏ လုပ်ငန်း တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းသတ်မှတ်ခြင်း တို့နှင့်ပတ်သက်၍ တင်ပြခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်စောင့်ကြည့်ရေးကော်မတီ၏ လုပ်ငန်း တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊

သက်တမ်းသတ်မှတ်ခြင်းတို့နှင့်ပတ်သက်၍ ကော်မတီဉက္ကဋ္ဌ ဒေါက်တာအေးဇံ ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်သို့တင်ပြခြင်း ဖြစ်ပါတယ်။

**ဒေါက်တာအေးဇံ(ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** လေးစား အပ်ပါသောမွန်ပြည်နယ်လွှတ်တော်ဉက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား၊ ကျွန်တော်ကတော့ ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာအေးဇံဖြစ်ပါတယ်။ ကျွန်တော့အနေနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ် စောင့်ကြည့်ရေး ကော်မတီမှာ ဉက္ကဋ္ဌအဖြစ် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ကော်မတီဖွဲ့စည်းခြင်း**

မွန်ပြည်နယ်လွှတ်တော်သည်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်စောင့်ကြည့်ရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းသည်-

| | | | |
|---|---|---|---|
| (က) | ဒေါက်တာအေးဇံ | ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂) | ဉက္ကဋ္ဌ |
| (ခ) | ဦးအောင်ကြည်ဦး | မော်လမြိုင်မြို့နယ် | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာတင့်ဆွေ | မော်လမြိုင်မြို့နယ် | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာမြင့်မြင့်ချို | မော်လမြိုင်မြို့နယ် | အဖွဲ့ဝင် |
| (င) | ဦးမောင်မောင်မြင့် | မော်လမြိုင်မြို့နယ် | အဖွဲ့ဝင် |
| (စ) | ဦးဌေးအောင် | မော်လမြိုင်မြို့နယ် | အဖွဲ့ဝင် |
| (ဆ) | ဦးမြင့်အေး | ကျိုက်ထိုမြို့နယ် | အဖွဲ့ဝင် |
| (ဇ) | ဦးထွန်းမင်းအောင် | ပေါင်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁) | အဖွဲ့ဝင် |

(ဈ) ဒေါ်ကြည်ကြည်မြ ချောင်းဆုံမြို့နယ်၊ မဲဆန္ဒနယ် အဖွဲ့ဝင် အမှတ်(၂)

(ည) ဗိုလ်မှူးအောင်မြတ်မိုး တပ်မတော်သားလွှတ်တော် အဖွဲ့ဝင် ကိုယ်စားလှယ်

(ဋ) ဦးအောင်ကျော်သူ သထုံမြို့နယ်၊ အတွင်းရေးမှူး မဲဆန္ဒနယ်အမှတ်(၂)

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း(၁)နှစ် ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီးလိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်**

ကော်မတီ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ပြည်နယ်တစ်ဝှမ်းလုံးနှင့်ဆိုင်သော လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း၊ ဒေသဆိုင်ရာလုပ်ငန်းအစီအစဉ်များကိုလည်းကောင်း ရေးဆွဲချမှတ်ခြင်း၊

(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးတို့အတွက်လည်းကောင်း၊ ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုမဖြစ်စေရန် ကာကွယ်ရေး၊ထိန်းချုပ်ရေးနှင့် လျော့နည်းပပျောက်ရေးတို့အတွက်လည်းကောင်း၊ အစီအစဉ်များကို ချမှတ်ခြင်း၊ ဆောင်ရွက်ခြင်း နှင့်စစ်ဆေးကြပ်မတ်ခြင်း၊

(ဃ) ကော်မတီ၏အစီရင်ခံစာမူကြမ်းကို ရေးသားတင်ပြခြင်း၊

